ကြေးမုံ

The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (7-9-2010) (၆၅၁၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၇

၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာ လူးဝစ် အင်နာစီယို လူလာဒါဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း
ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၇

၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆယ်လ်ဆို လူးဝစ် နျူးနက်စ် အာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာ့အလင်း ခေတ်မီစာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန် ပညာပေးစည်းရုံး
ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော်   စက်တင်ဘာ   ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ မြန်မာ့အလင်း ခေတ်မီစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် စုန်းချောင်းကျေးရွာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲**

ညောင်ဦးမြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ ရေသောက်ဧရိယာအတွင်းရှိ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

လက်ပန်ခြေပေါ်၊ နတ်သမီးကမ်းပါး၊ ကဗ္ဗာနီနှင့် တောင်သူများအတွက် ပုဂံမိုး

ပုဂံညောင်ဦးမြို့သို့ သတင်းတာဝန်ဖြင့် ခရီးထွက်ရမည်ဆိုသောအခါ ထုံးစံအတိုင်း အထုပ်အပိုး ပြင်ရလေသည်။ သုံးညအိပ်လေးရက်ခရီးဖြစ်၍ အဝတ်အစား လေးစုံတော့ အနည်းဆုံးလိုမည်။ ထီးယူသင့်၊ မယူသင့် စိတ်ထဲမှာ ဒွိဟဖြစ်ရသည်။ "သြော်. . . ပုဂံညောင်ဦးဒေသက မိုးသိပ်ရွာတဲ့ ဒေသမှမဟုတ်တာ ထီးမယူတော့ပါဘူးလေ" ဟု စိတ်တုံးတုံးချလိုက်သည်။

ဩဂုတ် ၂၂ ရက် ည ၇ နာရီတွင် နေပြည်တော်မှ ညောင်ဦး-မန်းအမြန်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ပုဂံညောင်ဦးမြို့ကို နောက်တစ်နေ့ နံနက် ၅ နာရီတွင် ရောက်ပါသည်။ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းအတိုင်း သွားခြင်းဖြစ်ရာ လမ်း၌ ရပ်နားချိန်သာ မကြာလျှင် နံနက် ၂ နာရီခန့်လောက် ရောက်သွားနိုင်သည်။ ယနေ့ကာလတွင် လမ်းပန်းဆက်သွယ်ရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - သန်းဦး (သတင်းစဉ်)

အဆင်အပြင် ကိုမင်း

ကြေးမုံ The Mirror

၇-၉-၂၀၁၀

(အင်္ဂါနေ့)

လမ်းသစ် တံတားသစ်များ တိုးတက်သစ်လွင် လူမှုစီးပွား မြင့်မား ဖွံ့ဖြိုးစည်ပင်

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးဖြစ်သည်။ ဒေသတစ်ခုနှင့် တစ်ခုအကြား ကူးလူးဆက်သွယ်သွားလာမှု လွယ်ကူခြင်းဖြင့် ကူးသန်းဆက်သွယ်ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်လာမည်။ စီးပွားရေးလုပ်ငန်းများလည်း ပိုမို တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် နိုင်ငံတစ်ဝန်း၌ ကားလမ်း၊ ရထားလမ်းသစ်များကို ဖောက်လုပ်ပေးနေသည်။ လမ်းများနှင့်အတူ မြစ်ကူး၊ ချောင်းကူးတံတားပေါင်းများစွာကို တည်ဆောက်ပေးနေသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ကားလမ်းမိုင်ပေါင်း ခုနစ်သောင်းကျော် ဖောက်လုပ်ပေးထားရာ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဥဒဟိုသွားလာနိုင်သည့် ကားလမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပေပြီ။

မြစ်ဝကျွန်းပေါ်ကဲ့သို့ မြစ်ချောင်းများပေါများပြီး ပင်လယ်ပိုင်းနှင့်ဆက်စပ်နေသော ဒေသများတွင် လမ်းကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နေပြီ။ အချို့လမ်းပိုင်းများ ဖွင့်လှစ်နိုင်သဖြင့် ဒေသခံပြည်သူများ နွေ၊ မိုး၊ ဆောင်း ဆက်သွယ်သွားလာနေကြပြီ။ ရေထွက်ပစ္စည်းများကို ဈေးကွက်အရောက် နေ့ချင်းပေါက် တင်ပို့နိုင်ကြပေပြီ။

အလားတူ ရခိုင်ပြည်နယ်သည်လည်း ပထဝီအနေအထားအရ မြစ်ချောင်းများ ပေါများသဖြင့် ယခင်ကာလက သွားရေးလာရေး နှောင့်နှေးကြန့်ကြာခဲ့ကြရသည်။ ယခုအခါ ရန်ကုန်-စစ်တွေလမ်းမကြီး အပါအဝင် လမ်းသစ်ကြီးများကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ဒေသခံပြည်သူများ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

ရန်ကုန်-စစ်တွေလမ်း (မင်းဘူး-အမ်း)လမ်းအပိုင်းရှိ အချို့တောင်ပေါ်လမ်းများကို စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းများ ဆက်လက်ဆောင်ရွက်နေကြဆဲဖြစ်သည်။ လမ်းအထူးအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့များ လမ်းပိုင်းအလိုက် တာဝန်ယူကြိုးပမ်းလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု(ပဲပဒို)ကြိုးတံတားကို ဩဂုတ် ၂၉ ရက်က ဖွင့်လှစ်လိုက်သည်။ ဒေသခံပြည်သူများ ကူးသန်းဆက်သွယ် သွားလာရေးအတွက် အကျိုးပြုနေပြီ ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ သဘာဝအတားအဆီးကြောင့် ခရီးဝေးနေမှုများကို ကျော်လွှားနိုင်ခဲ့ကြပြီ။ တိုင်းရင်းသားလူမျိုးအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားလာပြီး ရင်းနှီးချစ်ခင်မှုများ ပိုမိုရရှိလာကြပြီ။ အထူးသဖြင့် ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မား ဖွံ့ဖြိုးစည်ပင်လာနေပြီ ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် AMEICC Secretariat မှ ညှိအဖွဲ့တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများအား ထိုင်းနိုင်ငံအခြေစိုက် AEM-METI Economic and Industrial Cooperation Committee (AMEICC Secretariat) မှ ဒုတိယဌာနေကိုယ်စားလှယ်များဖြစ်ကြသော Mr. Ryohei Gamada နှင့် Mr. Ryoichi Miyazaki တို့သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့်အဖွဲ့အား ထိုင်းနိုင်ငံအခြေစိုက် AEM-METI Economic and Industrial Cooperation Committee (AMEICC Secretariat) **မှ ဒုတိယဌာနေကိုယ်စားလှယ်များဖြစ်ကြသော Mr. Ryohei Gamada နှင့် Mr. Ryoichi Miyazaki တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းသည် ဩဂုတ် ၃၀ရက်တွင် ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အလှူငွေများ ပေးအပ်

ဆက်လက်၍ ဘားအံမြို့ တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ သွားရောက်၍ ဆေးရုံတက်လူနာများ ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ လူနာဆောင်၊ ဆေးသိုလှောင်ခန်းများနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တပ်မတော်ဆေးရုံ ခုတင်(၃၀၀)တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဩဂုတ် ၃၁ရက်တွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်နယ် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တာဝန်ရှိသူတို့က ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခွဲစိတ်ဆောင်သစ်တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်မှု မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက်ရှိ ဦးရွှေမှန်လမ်းနှင့် ရန်ပြိုလမ်းတို့ ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှု၊ ရန်ပြိုလမ်း၌ ဆေးခန်းတည်ဆောက်မည့်မြေနေရာနှင့် ဦးညိုလမ်းသွယ်(၁)ရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက် မှု၊ ကမာရွတ်မြို့နယ် ခိုင်ရွှေဝါ(ဗဟိုလမ်း) အမှတ်(၁)နှင့် (၃)ရပ်ကွက်တို့ကို ဆက်သွယ်သည့် ပတ္တမြားလမ်း ကွန်ကရစ်လမ်းချောခင်းကျင်းမှု၊ ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ စံရိပ်ငြိမ်(၅)လမ်း၊ (၄)လမ်း၊ (၃)လမ်း၊ (၂)လမ်း၊(၁)လမ်းနှင့် အမှတ်(၁)ရပ်ကွက်ရှိ မိုးစန္ဒာလမ်းတို့ အဆင့်မြှင့်ဆောင်ရွက်ရန် လမ်းများ အခြေအနေနှင့် လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ အောင်ရတနာလမ်း ကွန်ကရစ်လမ်းချောခင်းကျင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ကမာရွတ်မြို့နယ် ခိုင်ရွှေဝါ (ဗဟိုလမ်း) အား ကွန်ကရစ်လမ်းချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

အထက(၃) ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ Central Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ၊ ဆရာမဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုထွန်းအောင် ဖုန်း-၀၉-၅၀၃၁၉၈၇၊ ကိုမောင်မောင် ဖုန်း-၀၁-၂၄၁၇၂၁၊ ကိုအောင်ချိုဝင်း ဖုန်း-၀၉-၅၁၀၂၉၉၈၊ ကိုအောင်သူ ဖုန်း-၀၉-၈၆၁၅၃၅၁၊ ကိုမျိုးမြင့် ဖုန်း-၀၉-၉၉၇၃၃၉၂၊ ကိုမြင့်ဝင်း ဖုန်း-၀၉-၈၀၂၀၆၅၂၊ ကိုအေးကျော် ဖုန်း-၀၁-၃၈၁၉၄၄၊ ကိုစိုးတင့် ဖုန်း- ၀၉-၅၀၀၃၅၁၀၊ ကိုညီညီဦး ဖုန်း-၀၉-၅၀၉၈၅၁၈၊ မအေးမှီတင် ဖုန်း-၀၁-၃၇၂၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဩဂုတ် ၂၈ ရက်က အလက (၂) ဒေါပုံ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ပထမတန်း(B) မှ ဒုတိယဆု ရရှိသူ မောင်ဇော်ဖြိုးဝေ အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဦး ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

▲ **ရွှေဖုံးမှ**
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက မြန်မာ့အလင်း ခေတ်မီစာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအနေဖြင့် အသိပညာဗဟုသုတ တိုးပွားရေးအတွက် ကျေးရွာစာကြည့်တိုက်သို့ လာရောက်ကြ၍ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာကြရန်နှင့် ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထ စွဲမြဲလာစေရန်အတွက် တာဝန်ရှိသူများကလည်း ပညာပေးစည်းရုံးဆောင်ရွက်ကြရန်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ မြန်မာ့အလင်း ခေတ်မီစာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းစာပေဆုရ စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ထွန်းဖောင်ဒေးရှင်းစာမူဆုရ စာအုပ်များကို ထုတ်ဝေဖြန့်ချိလျက်ရှိရာ သမိုင်းဘာသာရပ်တွင် ဌေးဝေ၏ ပျူမြို့ပြ ယဉ်ကျေးမှုသမိုင်း၊ မောင်နွယ်သန်း၏ မြန်မာ-မဏိပူရစစ်သမိုင်း၊ ဦးလှသိန်း၏ Myanmar and the Europeans (1878-1885)၊ အောင်သန်းထွန်း(မုံရွာ)၏ Kinwun Mingyi and Dhammathats၊ ယဉ်ကျေးမှုဘာသာရပ်တွင် ကိုကြီးကျော်၏ ကျပင်းဘုန်းကြီးမေတ္တာစာ၊ မင်းဘူးအောင်ကြိုင်၏ လက်ရာအစုံ နဂါးရုံ၊ အတ္ထုပ္ပတ္တိဘာသာရပ်တွင် မင်းလှမြတ်ထွေး၏ ဦးပဂိုငို(တိုးတက်ရေးဦးစိန်) သူ့ဘဝ၊ သူ့စာ၊ သူ့တရား၊ လှတိုး(စိတ်ပညာ)၏ ရန်အောင်၏ စာပေခရီးတစ်ခု၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် မောင်မောင်ညွန့်(မန်းတက္ကသိုလ်)၏ မြင်းခြံမြို့ ဆရာကြီးဦးအေးနှင့် တိမ်မြုပ်နေသော သူ့စာပေများ၊ မြမြချို၏ ရှေးဟောင်းမွန်ခေါင်းလောင်းစာမှ လေးနက်ခိုင်မာသည့် စာပေအထောက်အထားများ၊ လူငယ်ဘာသာရပ်တွင် ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ ကျန်းမာချမ်းသာပါစေ၊ ကလေးဘာသာရပ်တွင် မင်းချမ်းမွန်၏ စံပယ်တစ်ကုံး ကြယ်တစ်ကုံး ကလေးကဗျာများဖြစ်သည်။

အဆိုပါ စာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဖြန့်ချိရာဌာနမှာ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဆက်သွယ်ရန် ဖုန်း-၂၉၆၃၂၅၊ ၂၉၆၂၆၁ နှင့် ၇၃၁၀၄၄၈၇ တို့ဖြစ်သည်။

၂၀၀၉ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် ပြိုင်ပွဲဝင်စာအုပ်နှင့် စာမူများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အထက်ပါ လိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ ဩဂုတ် ၁၅ ရက်က မိုင်းဆတ်မြို့ မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဦးစီးအရာရှိ) ဦးတင်ဝင်းမောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်မြေစာရင်းဦးစီးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တမူးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းနှင့် ဆန္ဒမဲထည့်ခြင်း သရုပ်ပြအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းနှင့် ဆန္ဒမဲထည့်ခြင်း သရုပ်ပြအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တမူးမြို့ စက်ရောင်ဘီးလူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းရီက အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို မြို့နယ်ဥပဒေအရာရှိ ဦးဇမ်ခင်းမန်က လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးက လည်းကောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ချက်များနှင့် လုပ်ငန်းလမ်းညွှန်မှုတွင် အသုံးပြုသည့် ပုံစံဇယားများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လည်းကောင်း ရှင်းလင်းပို့ချကြပြီး ဆန္ဒမဲထည့်ခြင်းလုပ်ငန်း သရုပ်ပြသကြသည်။

သင်တန်းသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် သင်တန်းသား ဆရာ၊ ဆရာမ ပေါင်း ၃၂၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း လားရှိုးမြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် နမ့်ပေါင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လားရှိုးခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ချက်များကို လည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုင်းကျော်ညွန့်က မြို့နယ်အတွင်းရှိ ဖွဲ့စည်းတည်ထောင်ထားသည့် ပါတီ ရှစ်ခုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမောင်က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ရပ်ကွက်၊ ကျေးရွာ လုပ်ငန်းလမ်းညွှန်များကို လည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ကျောင်းအုပ်(ငြိမ်း) ဦးညွန့်စိန်က မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး လမ်းညွှန်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၂၀၀ တက်ရောက်ကြသည်။

အလားတူ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်တွင် လားရှိုးမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပရာ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၄၀၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲဖွင့်

မိတ္ထီလာ စက်တင်ဘာ ၆

မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် အောင်ဇေယျာရပ်ကွက်အသင်းနှင့် ပြည်သာယာ(မ)ရပ်ကွက်အသင်းတို့မှ ဘောလုံးကစားသမားများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက နှုတ်ဆက်အားပေးသည်။ **(ယာပုံ)**

အဖွင့်ပွဲစဉ်တွင် အောင်ဇေယျာရပ်ကွက်အသင်းက ပြည်သာယာ(မ)ရပ်ကွက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး အဆိုပါရပ်ကွက်၊ ကျေးရွာ ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ရှုံးထွက်စနစ်ဖြင့် ကျင်းပခြင်းဖြစ်ရာ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၉-၂၀၁၀ (အင်္ဂါနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၃)ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	“တန်ခိုးတော်အနန္တ ပြည့်ဝမွှမ်းထုံ ရွှေစည်းခုံ”
၇း၅၀	၆။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈း၂၀	၉။	“စီးဆင်းပါစေ မေတ္တာရေ
၈း၃၀	၁၀။	အတီးပြိုင်ပွဲ
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀	၄။	“မနီပြုံးနိုင်ပြီ”
၄း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၁၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၄၀	၈။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၂။	ဆိုလိုက်ကြစို့
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာဆန်သူ. . . . ကိုယ့်ချစ်သူ” (အပိုင်း-၁၅)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ) (တေးရေး-မင်းချစ်သူ)
	၁၈။	**ရယ်စရာဟာသများ**
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “အဆိပ်သင့်တဲ့အချစ်” ဒုတိယတွဲ(အပိုင်း-၂၅)**
	၂၀။	**“ရုပ်ရှင်ပဟေဠိ”**
	၂၁။	အစီအစဉ်ပြီး၏

အလိမ္မာ စာမှာရှိ



ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ရဲစခန်းတစ်ခုကို အသေခံကားဗုံးခွဲတိုက်ခိုက်

အစ္စလာမ္မာဘတ် စက်တင်ဘာ ၆။ ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပက်ခ်ထွန်ခွာပြည်နယ် လက်ခီမာဝတ်မြို့ရှိ ရဲစခန်းတစ်ခုကို အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၁၇ ဦး သေဆုံးပြီး အနည်းဆုံးလူ ၄၆ ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာသတင်းများတွင်ဖော်ပြထားသည်။

သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် ကျောင်းသားငယ်သုံးဦးလည်း ပါဝင်ကြောင်း၊ ကျောင်းသုံးစာအုပ်များနှင့် လွယ်အိတ်တစ်လုံးတို့ကို အပျက်အစီးများကြားတွင် တွေ့ရကြောင်း အခြားသတင်းများ၌ ဖော်ပြသည်။

ရဲစခန်းပြိုကျ

ဗုံးခွဲတိုက်ခိုက်သူက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသောကားဖြင့် ရဲစခန်းနံရံကို ဝင်တိုက်ဖောက်ခွဲခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားပြီး ရဲစခန်းပြိုကျပျက်စီးခဲ့သည်။ (ဝဲပုံ) ပေါက်ကွဲမှု ဖြစ်ပွားစဉ် အနီး၌ဖြတ်သွားသည့် ကျောင်းကားတစ်စီးကို ထိမှန်ခဲ့သည့်အပြင် အစိုးရဌာနဆိုင်ရာ အဆောက်အအုံတစ်ခုနှင့် ဗလီဝတ်ကျောင်းတစ်ခုတို့လည်း ပျက်စီးခဲ့ရသည်။

တာလီဘန်များ

ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ဖွယ်ရှိကြောင်း၊ လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သည့် အစိုးရအဖွဲ့အစည်းများကို ရည်ရွယ်သော အသေခံတိုက်ခိုက်မှုများ၏ နောက်ကွယ်၌ တာလီဘန်တို့က ကြိုးကိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။ ***ဟာရယ်ထရီဗြွန်း။***

အစ္စရေးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုမရပ်နားလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ဆက်မည်မဟုတ် - မာမွတ်အဘတ်စ်

ရာမာလာ စက်တင်ဘာ ၆

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးအခြေစိုက်အိမ်ရာများ တည်ဆောက်ခြင်းကို အစ္စရေးဝန်ကြီးချုပ်အနေဖြင့် မထိန်းချုပ်နိုင်ပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က စက်တင်ဘာ ၅ ရက်တွင် သတိပေးခဲ့သည်။ ပါလက်စတိုင်းသမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့သည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပသော တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုတွင် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားရန် သဘောတူညီ ခဲ့ကြသည်။

အစ္စရေးအစိုးရ၏ ၁၀ လကြာ အခြေစိုက်အိမ်ရာများ တည်ဆောက်ရေး ရပ်နားမှုကာလသည် စက်တင်ဘာ ၂၆ ရက်တွင် သက်တမ်းပြည့်မည်ဖြစ်သည်။ သို့ဖြစ်ရာ အခြေစိုက်အိမ်ရာများ ဆက်လက်တည်ဆောက်ရေးအတွက် ဂျူးတစ်ယူသန်ဝါဒီများ၏ ဖိအားပေးမှုကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရင်ဆိုင်နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အနောက်ဘက်ကမ်းဒေသရှိ ဂျူးအခြေစိုက် အိမ်ရာစီမံကိန်းများနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်မည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

တစ်ယူသန်

သို့ရာတွင် ဂျူးတစ်ယူသန်ဝါဒီ နိုင်ငံခြားရေးဝန်ကြီး အေဗီဒေါလီဘာမင်က အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်ရေး ရပ်ဆိုင်းမှုကို သက်တမ်းတိုးရန် ကြိုးပမ်းမှုမှန်သမျှအား ၎င်း၏ပါတီက တားဆီးမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်။

ယင်းသို့ ကြိုးပမ်းလာပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုးတက်မှုလမ်းကြောင်းမှ သွေဖည်သွားနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အေပီ။***

အိန္ဒိယသမုဒ္ဒရာ ရေမျက်နှာပြင် အခြားသမုဒ္ဒရာများထက် မြင့်တက်မှု ပိုမြန်နေ

နယူးဒေလီ စက်တင်ဘာ ၆

အိန္ဒိယသမုဒ္ဒရာ ရေမျက်နှာပြင်သည် အခြားကမ္ဘာ့ သမုဒ္ဒရာများထက် ပိုမိုမြန်ဆန်စွာ မြင့်တက်နေသည်ကို အိန္ဒိယသမုဒ္ဒရာ ဗေဒပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၆ ရက်က သတင်းများတွင် ဖော်ပြထားသည်။

ယင်းသို့ အိန္ဒိယသမုဒ္ဒရာ ရေမျက်နှာပြင်မြင့်တက်မှု မြန်ဆန်ခြင်းသည် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းဒေသများ၊ အာရေဗီးယန်းပင်လယ်၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံရလွယ်သည့် နိုင်ငံ၊ ဒေသများအား ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက သတိပေးသည်။

လေ့လာချက်များအရ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်စေနိုင်ပြီး ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုအပေါ်တွင်လည်း အတိုင်းအတာတစ်ခုအရ ဆိုးကျိုးသက်ရောက်နိုင်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ဆိုသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် တစ်မီတာအထိ ရှိခဲ့လျှင် အရှေ့အာရှနှင့် ပစိဖိတ်ဇုန်ဒေသမှ ပြည်သူ ၃၇ ဒသမ ၂ သန်းတို့ကို အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ယင်းအပြင် တောင်အာရှဒေသမှ လူဦးရေ ၅ ဒသမ ၉ သန်းနီးပါး ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုဒဏ်ကို ခံရမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အဆိုးရွားဆုံး ရင်ဆိုင်ရမည်ဖြစ်သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ရေး လှုပ်ရှားမှုများ ပြုလုပ်နေသော တာလီဘန်များ။

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးလျှင် တာလီဘန်များ ဆုကြေးငွေ ဒေါ်လာ ၁၀၀၀ ရဟုဆို

ကဘူး စက်တင်ဘာ ၆။ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့အခြေစိုက် အီရန်ကုမ္ပဏီများမှတစ်ဆင့် ဘဏ္ဍာရေးထောက်ပံ့မှုများကို တာလီဘန်စစ်သွေးကြွများက လက်သိပ်ထိုးရရှိနေကြောင်း လန်ဒန်မြို့ထုတ် ဆန်းဒေးတိုင်းမ်သတင်းစာ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၆ ရက် သတင်းများတွင် ဖော်ပြသည်။

အီရန်ကုမ္ပဏီအချို့သည် တာလီဘန်များ၏ စစ်စရိတ်နှင့် ရန်သူစစ်ဘက်ယာဉ်နှင့် ရန်သူများကို ဖျက်ဆီးသတ်ဖြတ်ခြင်းများအတွက် ဆုကြေးငွေများအား ဒေသန္တရတာလီဘန်ကွန်ရက်များ၏ ဘဏ္ဍာရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း အာဖဂန်ထောက်လှမ်းရေးနှင့် တာလီဘန်အရင်းအမြစ်များက ဆန်းဒေးတိုင်းမ် သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ကဘူးမြို့ရှိ အီရန်သံရုံးက အဆိုပါစွပ်စွဲချက်များကို တုံ့ပြန်ရန် ငြင်းပယ်ခဲ့သည်။ သို့ရာတွင် တာလီဘန်ဘဏ္ဍာရေးမှူး တစ်ဦးက တာလီဘန်များ လက်ချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပါက ဆုကြေးငွေဒေါ်လာ ၁၀၀၀နှင့် စစ်ယာဉ်တစ်စီးကို ဖျက်ဆီးနိုင်ပါက ဒေါ်လာ ၆၀၀၀ အထိ အီရန်ကုမ္ပဏီများက ပေးအပ်ခဲ့ကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ဂျပန်သတင်းစာဆရာကို ပြန်ပေးဆွဲသူများမှာ အာဖဂန်တပ်ဖွဲ့ဝင်များဟုဆို

တိုကျို စက်တင်ဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒုဇ်ပြည်နယ်၌ ငါးလကြာ ဖမ်းဆီးခံခဲ့ရပြီးနောက် စက်တင်ဘာ ၄ ရက်က ပြန်လွတ်လာသော ဂျပန် အလွတ်သတင်းစာဆရာက ၎င်းကို ဖမ်းဆီးခဲ့သူများမှာ တာလီဘန်များမဟုတ်ဘဲ အာဖဂန်တပ်ဖွဲ့ဝင်များသာဖြစ်ကြောင်း စက်တင်ဘာ ၆ ရက်က ပြောကြားသည်။

အီရတ်၊ ဂျော်ဂျီယာ၊ ချေချင်းညာ၊ အီသီယိုးပီးယားနှင့် အခြား ပဋိပက္ခများဖြစ်ပွားရာ ဒေသများသို့ သတင်းစာဆရာအဖြစ် သွားရောက်ခဲ့ဖူးသူ ဂျပန်နိုင်ငံသား တီဆူနီအိုကာက အွန်လိုင်းမှတစ်ဆင့် ပြောကြားရာတွင် ၎င်းကို ဖမ်းဆီးခဲ့သူများသည် အာဖဂန်တပ်ဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့ကိုယ်၎င်းတို့ တာလီဘန်များဖြစ်ကြောင်း လိမ်ညာရေးသားထားသော ချောစာတစ်စောင်ကို ဂျပန်အစိုးရသို့ ပေးပို့ခဲ့သည်ဟုဆိုသည်။

စောစောပိုင်းထွက်ပေါ်ခဲ့သော သတင်းများတွင်မူ တာလီဘန်များက တီဆူနီအိုကာကို ပြန်ပေးဆွဲသည့်အဖွဲ့မှာ ၎င်းတို့ဖြစ်ပြီး ပြန်ပေးရွေးငွေပေးရန် အာဖဂန်အစိုးရက တောင်းဆိုခဲ့သည်ဟုဆိုသည်။

တီဆူနီအိုကာသည် ပြန်ပေးသမားများလက်မှ လွတ်မြောက်ခဲ့ပြီးနောက် အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့မှ တစ်ဆင့် ဂျပန်နိုင်ငံသို့ စက်တင်ဘာ ၆ ရက်က ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။ ***အေအက်ဖ်ပီ။***

ဂရင်းပိစ် ဂျပန်အဖွဲ့ဝင်နှစ်ဦးကို ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်

တိုကျို စက်တင်ဘာ ၆

ဂျပန်နိုင်ငံမြောက်ပိုင်း အာအိုမိုရီခရိုင်တရားရုံးက ဂျူနိချီဆာတိုနှင့် တိုရုဆူဇူကီအမည်ရှိ ဂရင်းပိစ် လှုပ်ရှားမှုအဖွဲ့ဝင်နှစ်ဦးအား ဝေလငါးအသားများ ခိုးယူမှုဖြင့် ထောင်ဒဏ်တစ်နှစ် ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဂျပန်ဂရင်းပိစ်အဖွဲ့က ပြောကြားသည်။

စီရင်ချက်ချမှတ်အပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပရာ၌ ဆာတိုက ဂရင်းပိစ်အဖွဲ့အနေဖြင့် အဆိုပါအမှုကို အယူခံဝင်သွားမည်ဖြစ်ကြောင်း၊ စီရင်ချက်သည် တရားမျှတမှုမရှိကြောင်း ပြည်သူများ၏ သိရှိပိုင်ခွင့်ကို တားဆီးပိတ်ပင်ရာရောက်ကြောင်း ပြောကြားသည်။

အဆိုပါအမှုကိစ္စမှာ ဝေလငါးဖမ်းဆီးမှု ဆန့်ကျင်ရေးလှုပ်ရှားသူများနှင့် ဂျပန်အစိုးရ တာဝန်ရှိသူများအကြား တင်းမာမှုများ မြင့်တက်လာသည်ကို မီးမောင်းထိုးပြနေကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။

ဂျပန်ဝေလငါးဖမ်းသင်္ဘောတစ်စင်းသည် ဝေလငါးအသားများကို မှောင်ခိုဈေးကွက်သို့ တရားမဝင် တင်ပို့နေခဲ့ကြောင်း၊ ဝေလငါးအသား ၂၃ ကီလိုဂရမ်ပါ သေတ္တာတစ်လုံးကို ဆာတိုနှင့်အဖွဲ့က ကြားဖြတ်သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း ဂရင်းပိစ်အဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ဝမ်းရောဂါကြောင့် ကင်မရွန်း၌ လူ ၃၀၀ ကျော် သေဆုံး

ဒိုအာလာ စက်တင်ဘာ ၆

အာဖရိကတိုက်အနောက်ပိုင်းရှိ ကင်မရွန်းနိုင်ငံတွင် ဝမ်းရောဂါကြောင့် လူ ၃၀၀ ကျော်သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ပြောကြားကြောင်း စက်တင်ဘာ ၆ ရက် သတင်းများတွင် ဖော်ပြသည်။ ကင်မရွန်းနိုင်ငံ၏ နှစ် ၂၀ အတွင်း အဆိုးရွားဆုံး ဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကင်မရွန်းနိုင်ငံသား ၄၅၀၀ ကျော် နာမကျန်းဖြစ်နေကြရပြီး ရေဓာတ်ခန်းခြောက်သည့်ဝေဒနာကို ခံစားနေရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ပြောကြားသည်။

မေလမှ စတင်ခဲ့သော ဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အနည်းဆုံး လူ ၃၃၁ ဦးသေဆုံးခဲ့ရပြီး ကျောင်းဖွင့်ချိန်ရာသီအတွင်း ကလေးများအား ရောဂါကူးစက်ပြန့်ပွားမည်ကို ကင်မရွန်းအာဏာပိုင်များက စိုးရိမ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ကင်မရွန်းနိုင်ငံအတွင်းရှိ စာသင်ကျောင်းများ၌ ဝမ်းရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရေးအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲများကို ယူနီဆက်က ဦးဆောင်ကျင်းပလျက်ရှိကြောင်းသိရသည်။

အေပီ။

မြန်နှုန်းမြင့် ခရင်ဗ်ဒုံးကျည် အိန္ဒိယနှင့် ရုရှားတို့ ပူးပေါင်းတည်ဆောက်မည်

နယူးဒေလီ စက်တင်ဘာ ၆

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်၏ ယခုနှစ် ဒီဇင်ဘာလ အလည်အပတ် ခရီးစဉ်အတွင်း အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀၀ ပျံသန်းနိုင်သော မြန်နှုန်းမြင့် ခရုဇ်ဒုံးကျည်များထုတ်လုပ်ရန် သဘောတူလက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း စက်တင်ဘာ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်၌ ရုရှားက တည်ဆောက်ပေးသော ကူဒန်ကူလန် နျူကလီးယားဓာတ်ပေါင်းဖို ဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတ မက်ဗီဒက်ဗ် တက်ရောက်မည်ဖြစ်ပြီး အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြမည် ဖြစ်သည်။

ယင်းအစည်းအဝေးတွင် ရုရှားနှင့် အိန္ဒိယခေါင်းဆောင်များသည် အိန္ဒိယ၏ ဘရာမို့စ်ခရုဇ်ဒုံးကျည်ကို မြန်နှုန်းမြင့်ဒုံးကျည်အဖြစ် အသွင်ပြောင်း တည်ဆောက်ရေးအတွက် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဒုံးကျည်သစ်သည် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀၀ ကျော် ပျံသန်းနိုင်မည်ဖြစ်ပြီး တည်ဆောက်မှုပြီးစီးပါက အိန္ဒိယနိုင်ငံသည် ဖော်ပြပါအမြန်နှုန်းဖြင့် ပျံသန်းနိုင်မည့် ဒုံးကျည်အမျိုးအစားကို ကမ္ဘာပေါ်တွင် ပထမဆုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။ ***အင်တာနက်။***

ငလျင်ဒဏ်ကြောင့် နယူးဇီလန် စီးပွားရေး နာလန်ထူရန်မလွယ်

ခရစ်ချပ်ချ် စက်တင်ဘာ ၆ - နယူးဇီလန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းမှုများသည် စက်တင်ဘာ ၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် တုံ့နှေးသွားခဲ့ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်ကြောင့် နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့တော်၏ ရထားလမ်းနှင့် ကားလမ်းများ ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရပြီး အဆောက်အအုံများလည်း ပြိုကျပျက်စီးခဲ့ရသည်။

ငလျင်၏ ဖိအားကြောင့် မြေအောက်မြေလွှာများသည် ရွှံ့မြေသဲမြေများအဖြစ် မြေပေါ်သို့ လျှံထွက်လာခြင်းကြောင့် ခရစ်ချပ်ချ်မြို့ ဆင်ခြေဖုံးဒေသနေ ပြည်သူများအား စက်တင်ဘာ ၆ ရက်တွင် လုံခြုံသောနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဆိုသည်။ ယင်းဖြစ်စဉ်ကြောင့် ဒူးလောက်ရောက်သော ရွှံ့နွံတောများအကြားတွင် လူအများသွားလာလှုပ်ရှားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးဇီလန်တပ်ဖွဲ့ဝင်များသည် လမ်းများလုံခြုံရေးနှင့် ငလျင်ဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရသော ခရစ်ချပ်ချ်မြို့လယ်ရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ကို ပူးပေါင်းကူညီနေရကြောင်း သတင်းများ၏ အဆိုအရ သိရသည်။

ငလျင်ဒဏ်ခံခဲ့ရသော ခရစ်ချပ်ချ်မြို့၌ အရေးပေါ် အခြေအနေထားရှိမှု သက်တမ်းကို နယူးဇီလန်အစိုးရက တိုးမြှင့်ခဲ့ပြီး ပျက်စီးခဲ့သော လူနေအိမ် ၁၀၀၀၀၀ခန့်ရှိရာဒေသကို တားမြစ်နယ်မြေအဖြစ် ကန့်သတ်ထားသည်။ ***အေပီ။***

အာဖဂန်တွင် တပ်ဖွဲ့ဝင်အင်အား ထပ်မံဖြည့်တင်းရန် နေတိုးတောင်းဆို

ကဘူး စက်တင်ဘာ ၆

အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ ထိပ်တန်းတပ်မှူးတစ်ဦးက အာဖဂန်ရှိ လက်ရှိတပ်ဖွဲ့ဝင် အင်အား ၁၄၀၀၀၀ ကို ထပ်မံ ဖြည့်တင်းရန် တပ်ဖွဲ့ဝင် ၂၀၀၀ ကို ထပ်မံတောင်းခံထားကြောင်း နေတိုးတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

တောင်းခံထားသော နေတိုးတပ်ဖွဲ့ဝင်များအနက် ထက်ဝက်ခန့်မှာ တဖြည်းဖြည်းချဲ့ထွင် ဖွဲ့စည်းလျက်ရှိသော အာဖဂန်တပ်ဖွဲ့ကို လေ့ကျင့်ပေးရန်ဖြစ်သည်။ အလားတူ လမ်းဘေးထောင်ဗုံး ရှာဖွေရှင်းလင်းရေးအတွက် လေ့ကျင့်ပေးမည့် တပ်ဖွဲ့ဝင်များလည်း ပါဝင်မည်ဖြစ်သည်။ ကိုးနှစ်တာ အာဖဂန်စစ်ပွဲအတွင်း မဟာမိတ်တပ်ဖွဲ့ဝင် ၂၀၀၀ မျှ သေဆုံးခဲ့ရာ ယင်းအရေအတွက်၏ ထက်ဝက်ကျော်မှာ လမ်းဘေးဗုံးများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်မှ ပြည်ပတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းပါက လစ်ဟာသွားသော အင်အားကွက်လပ်တွင် ဝင်ရောက်ဖြည့်တင်းရမည့် အင်အား ၃၀၀၀၀၀ မှ ၄၀၀၀၀၀ အထိ ရှိလာနိုင်မည်ဖြစ်သော အာဖဂန်တပ်ဖွဲ့များကို အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် လေ့ကျင့်မှုများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည်။ ***အေပီ။***

ပင်လယ်ကွေ့အတွင်းမှ အန္တရာယ်အသစ် အပေါ် စိုးရိမ်ကြောင်း မူဘာရက်ပြောကြား

ကိုင်ရို စက်တင်ဘာ ၆

အီဂျစ်သမ္မတ ဟော့စ်နီ မူဘာရက်က ၎င်းအနေဖြင့် ပင်လယ်ကွေ့ဒေသအတွင်း ခြိမ်းခြောက်မှု အန္တရာယ်အသစ်များ ပေါ်ပေါက်မည်ကို စိုးရိမ်မိကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သွယ်ဝိုက်ရည်ညွှန်း

၎င်း၏ ပြောကြားချက်မှာ အီရန်နိုင်ငံအား သွယ်ဝိုက်ရည်ညွှန်းခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ တီဟီရန်၏ နျူကလီးယားလက်နက်ပိုင်ဆိုင်လိုသော ဆန္ဒအား အာရပ်နိုင်ငံအများစုက သောကမအေး ဖြစ်နေကြသည်။

သမ္မတ မူဘာရက်က ၎င်းတို့၏ အာရပ်ကမ္ဘာသည် အခက်အခဲများနှင့် ကြုံတွေ့ရတိုင်း အောင်ပွဲခံခဲ့ပါသည်ဟု ရာမဒန်ဥပုသ်လ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အန္တရာယ်အသစ်

အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အီရတ်၊ လက်ဘနွန်၊ ဆူဒန်နှင့် ဆိုမာလီနိုင်ငံ ပြဿနာများအပြင် ပင်လယ်ကွေ့ဒေသ၌ အန္တရာယ်အသစ်ပေါ်ထွက်လာပြီး ဒေသတည်ငြိမ်မှုကို ခြိမ်းခြောက်နေကြောင်း မူဘာရက်က သတိပေးသည်။

စိုးရိမ်မကင်း

ရှီးယိုက်အများစုဖြစ်သော အီရန်နိုင်ငံက လက်ဘနွန်နိုင်ငံမှ ဟဇ်ဗ်ဘိုလာတို့ကိုလည်းကောင်း၊ ပါလက်စတိုင်း အစ္စလာမ္မစ်လှုပ်ရှားမှု ဟားမားစ်အဖွဲ့ကို လည်းကောင်း ထောက်ခံနေခြင်းအပေါ် ဆော်ဒီအာရေဗျနိုင်ငံကဲ့သို့သော အာရပ်နိုင်ငံများက စိုးရိမ်မကင်းဖြစ်နေကြသည်။

အီဂျစ်က အစ္စရေးနိုင်ငံအား အသိအမှတ်ပြုခြင်းနှင့် အီရန်နိုင်ငံတွင် အစ္စလာမ္မစ်တော်လှန်ရေးဖြစ်ပွားခဲ့ခြင်းကြောင့် ၁၉၈၀ ခုနှစ်ကတည်းကစ၍ ကိုင်ရိုနှင့် တီဟီရန် ဆက်ဆံရေးမှာ ပြတ်တောက်သွားခဲ့သည်။ ***အင်တာနက်။***

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

စက်တင်ဘာ ၆ ၊ ၂၀၁၀

အာရှ-ပစိဖိတ်

မလေးရှားမြွေမှောင်ခိုတစ်ဦးကို ထောင်ဒဏ်ချမှတ်

မလေးရှားနိုင်ငံ၏ နာမည်ကြီး သားငှက်တိရစ္ဆာန်ကုန်သည်တစ်ဦး၏ ခရီးဆောင်အိတ်များအတွင်း စပါးကြီးမြွေအရှင် ၉၅ ကောင်ကို တရားမဝင်သယ်ဆောင်လာကြောင်း နိုင်ငံ၏ အဓိကလေဆိပ်ကြီးတွင် ရှာဖွေတွေ့ရှိပြီးနောက် ၎င်းအား ထောင်ဒဏ် ခြောက်လနှင့် ဒဏ်ငွေ ၁၉၀၀၀၀ (ဒေါ်လာ ၅၀၀၀၀) ပြစ်ဒဏ်ချမှတ်လိုက်သည်။

ဩစတြေးလျတွင် ရေလွှမ်းမိုးမှုဖြစ်

ဩစတြေးလျနိုင်ငံတောင်ပိုင်း ဗစ်တိုးရီးယားပြည်နယ်၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ၁၅ နှစ်တာကာလအတွင်း အဆိုးရွားဆုံး ရေဘေးနှင့် ရင်ဆိုင်နေရသည်။

လူနေအိမ် ၂၅၀ခန့်ကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရပြီး ဗစ်တိုးရီးယားပြည်နယ် အရှေ့တောင်ဘက်နှင့် အနောက်ဘက်တွင် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည်။

ဥရောပ

ခွေးကိစ္စ စိတ်တိုနေသည့်အဘိုးအို ရဲကိုကိုက်

အိမ်မွေးခွေးတစ်ကောင်နှင့် ပတ်သက်၍ အိမ်နီးချင်းတစ်ဦးနှင့် အငြင်းပွားနေခြင်းကို ဖျန်ဖြေပေးရန်အတွက် ရောက်ရှိလာသော ရဲများကို ကိုက်လည်းကိုက်သည့်အပြင် ကန်လည်းကန်ခြင်းကြောင့် အသက်(၈၂)နှစ်အရွယ် အဘိုးအိုတစ်ဦးအား ရဲများက ဖမ်းဆီး၍ ရဲစခန်းသို့ ခေါ်ဆောင်သွားပြီးနောက် စစ်ဆေးကာ ပြန်လည်လွှတ်ပေးလိုက်သည့်ဖြစ်ရပ်တစ်ခု ဒတ်ချ်အလယ်ပိုင်းရှိ နစ်ကတ်အမည်ရှိ ကျေးရွာ၌ ဖြစ်ပွားခဲ့သည်။

လက်တင်အမေရိက

ချီလီမိုင်းလုပ်သားများ ပိတ်မိမှု တစ်လပြည့်

ချီလီနိုင်ငံတွင် မြေအောက်မိုင်းတွင်း ပြိုကျမှုကြောင့် ဩဂုတ် ၅ ရက်နေ့ကတည်းက ပိတ်မိနေသည့် မိုင်းတွင်း လုပ်သား ၃၃ ဦး၏ မိသားစုများက တစ်လပြည့် အထိမ်းအမှတ်အဖြစ် မိုင်းတွင်းပြိုကျခဲ့သည့် ခန့်မှန်းအချိန်တွင် ဟွန်းများ၊ ဥဩများကို မှုတ်ခဲ့ကြပြီး မိုင်းတွင်းလုပ်သားတစ်ဦးစီအတွက် အလံတစ်ခုစီ စိုက်ထူခဲ့ကြသည်။

တောင်အာရှ

ပါကစ္စတန်ရေကြီးမှု မြို့ရွာများစွန့်၍ ပြေးရပြန်

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် ဆည်တစ်ခုကျိုးသွားပြီးနောက် ရေကြီးမှု အန္တရာယ် ထပ်မံခြိမ်းခြောက်လာရာ သိန်းနှင့်ချီသော ဒေသခံပြည်သူများသည် မြို့ရွာများကို စွန့်ခွာ ထွက်ပြေးကြရသည်။

အရှေ့အလယ်ပိုင်း

ဂါဇာဓာတ်အားစီမံကိန်း အကောင်အထည်ဖော်မည်

ဂါဇာကမ်းမြောင်ဒေသတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျှော့ချနိုင်ရေးအတွက် ပူးတွဲစီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရန် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်န်အေ)နှင့် အစ္စလာမ္မစ် ဟားမားစ်လှုပ်ရှားမှုအဖွဲ့တို့အကြား သဘောတူလက်မှတ်ရေးထိုးလိုက်ကြရာ ၂၀၀၇ ခုနှစ်နောက်ပိုင်း ပါလက်စတိုင်း အဖွဲ့အစည်းနှစ်ခုအကြား ရှားရှားပါးပါး သဘောတူညီမှုတစ်ရပ် ဖြစ်သည်။

အာဖရိက

အမေရိကန်-ကွန်ဂို ပူးတွဲစစ်ရေးလေ့ကျင့်မည်

အာဖရိကတိုက်ရှိ အမေရိကန်ကြည်းတပ်ဖွဲ့နှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ လက်နက်ကိုင်တပ်များ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှု တစ်ရပ်ကို ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန် ကြည်းတပ်က ကြေညာသည်။

ကမ္ဘာ့အပုဆုံးလူသားအရပ် ၂၇ လက်မသာရှိ

ဘိုဂိုတာ စက်တင်ဘာ ၆

အရပ်အမြင့် စင်တီမီတာ ၇၀ (၂၇လက်မ)ရှိသော ကိုလံဘီယာလူမျိုး အမျိုးသားတစ်ဦးကို သက်ရှိထင်ရှား ကမ္ဘာ့အပုဆုံးလူသားအဖြစ် ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်း စာအုပ်က မှတ်တမ်းတင်လိုက်ပြီဖြစ်သည်။ ***(ဝဲပုံနှင့် ယာပုံ)***

အသက်(၂၄)နှစ်အရွယ်ရှိ အက်ဒွပ်နီနို ဟာနန်ဒက်ဇ်မှာ ကိုယ်အလေးချိန်အားဖြင့် ၁၀ ကီလိုဂရမ်(၂၂ ပေါင်) သာရှိသည်။ သူသည် အသက်နှစ်နှစ်အရွယ်ကတည်းက ဆက်လက်ကြီးထွားခြင်း မရှိတော့ကြောင်း မိခင်ဖြစ်သူက ပြောသည်။

မိမိသည် သူများနှင့်မတူဘဲ ထူးခြားသူဖြစ်၍ ပျော်ရွှင်မိပါကြောင်း ဟာနန်ဒက်ဇ်က သတင်းထောက်များအား ပြောကြားသည်။ ၎င်းသည် အချိန်ပိုင်းအကသမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်သည်။ ***အေပီ။***

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အောင်ပွဲအလီလီ

ဦးမြင့်စိုး
(ပညာရေးသုတေသန)

မြန်မာနိုင်ငံတွင် ပဒေသရာဇ်စနစ်နှင့် ကိုလိုနီနယ်ချဲ့စနစ်ဆိုးများကြောင့် စာမတတ်မှုဆိုးမွေအဖြစ် နိုင်ငံသားပြည်သူများတွင် စာမတတ်သူဦးရေ ထုထည်ကြီးမားစွာ တည်ရှိခဲ့သည်။

မြို့ပေါ်ဒေသများထက် ကျေးလက်ဒေသများ၌ စာမတတ်သူဦးရေ ပိုမိုများပြားသည်။ အမျိုးသားများထက် အမျိုးသမီးဦးရေက ပိုမိုသာလွန်ခဲ့သည်။

ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် ယင်းအမွေဆိုး အနုတ်လက္ခဏာများက အဟန့်အတားသဖွယ် ရှိနေခဲ့သည်။

စာတတ်မြောက်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း နိုးကြားတက်ကြွအောင်မြင်အောင် စည်းရုံးလှုပ်ရှား ကြိုးပမ်းဆောင်ရွက်ရေးသည် မြန်မာ့သမိုင်းပေး အမျိုးသားရေးတာဝန်ကြီးတစ်ရပ် ဖြစ်ပေသည်။

အခြေခံပညာကို လူတိုင်းသင်ယူခွင့်ရရှိစေရမည်ဟူသည့် နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်အညီ စာဖတ်တတ်မှု၊ စာရေးတတ်မှု၊ တွက်ချက်တတ်မှုဟူသော 'အ' သုံးလုံးကျေလုပ်ငန်းကို နိုင်ငံသားတိုင်းက မဖြစ်မနေဆောင်ရွက်ကြရမည့် အခြေခံအကျဆုံးသော အမျိုးသားရေးလုပ်ငန်းပင်ဖြစ်သည်။

ထို့ကြောင့် ၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံ 'အ'သုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် စာမတတ်သူပပျောက်ရေးအတွက် လူထုလှုပ်ရှားမှုအသွင် ပီပီပြင်ပြင်ဖြင့် စည်းရုံးကြိုးပမ်းအားထုတ်ခဲ့သည်။

'မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းအားထုတ်မှု ရည်မှန်းချက်များအဖြစ်

(၁) စာမတတ်သူပြည်သူတစ်ရပ်လုံး စာတတ်မြောက်လာစေရန်။
(၂) အတွေးအခေါ်သစ်များနှင့် မှန်ကန်သော သဘောထားများကို ပိုမိုရင့်သန်လာစေရန်။
(၃) လူ့ဘဝအမြင် ပိုမိုကျယ်ပြန့်လာစေရန်။
(၄) ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွပါဝင်လာစေရန်။
(၅) ကုန်ထုတ်လုပ်ငန်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်။
(၆) ပြည်သူတစ်ရပ်လုံး၏ ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်။
(၇) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်။

တည်းဟူသော ရည်မှန်းချက် (၇)ရပ်ကို ချမှတ်ပြီး စည်းရုံးလှုပ်ရှားကြိုးပမ်းဆောင်ရွက်ခြင်း ပြုခဲ့ကြသည်။

ဆုချီးမြှင့်ခံရခြင်း

စာမတတ်သူပပျောက်ရေးကို မြန်မာနိုင်ငံသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် ထူးချွန်ပြောင်မြောက်စွာ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအောက်ရှိ ယူနက်စကိုအဖွဲ့က မြန်မာနိုင်ငံ 'အ'သုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို ၁၉၇၁ ခုနှစ် မိုဟာမက် ရီဇာပါလာဗီဆု ရွေးချယ်အပ်နှင်းချီးမြှင့်ခဲ့သည်။

ထိုဆုကို ၁၉၆၇ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံသည် ပဉ္စမမြောက် ဆုရနိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအရင် ထိုဆုရရှိခဲ့သော နိုင်ငံများမှာ နှစ်အလိုက် တန်ဇာနီးယား၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာနိုင်ငံတို့ ဖြစ်ကြသည်။

ထိုစဉ်က ဗဟိုကော်မတီအတွင်းရေးမှူး ဦးသန်းဦးသည် ထိုဆုကို လက်ခံရယူရန်အတွက် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်ခဲ့သည်။

ဤအောင်မြင်မှုနှင့်ပတ်သက်၍ ၈-၉-၇၁ နေ့ထုတ် သတင်းစာများတွင်
'အသုံးလုံးကြိုးပမ်းရာ၌ မြန်မာနိုင်ငံအကြိုးစားဆုံး'
'နိုင်ငံတကာ ထူးချွန်ဆု မြန်မာတို့ဆွတ်ခူး'
'မြန်မာတို့ ကြိုးပမ်းမှု၊ ယူနက်စကိုက ဂုဏ်ပြု'
'ဆုယူရန် အ သုံးလုံးသံတမန်၊ ဦးသန်းဦး ပါရီသို့ ခရီးဆန့်'
ဟူသော ခေါင်းစီးစာလုံးမည်းကြီးများဖြင့် သတင်းများကို ဝေဝေဆာဆာ ရေးသားဖော်ပြခဲ့သည်။ ဤအသံ၊ ဤအောင်ပွဲများက ပြည်သူတို့အတွက် ကြီးစွာ အားဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းမှု

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီသည် နိုင်ငံတစ်ဝန်းလုံး စာတတ်မြောက်လာရေးကို ၁၉၉၀ ပြည့်နှစ်တွင် အပြီးအပြတ်ဆောင်ရွက်ရန် ၂၆-၁၂-၈၀ ရက်နေ့တွင် ကျင်းပသည့် ဗဟိုကော်မတီ အစည်းအဝေးက စီမံချက်ဆိုင်ရာ သဘောထားချမှတ်ပေးခဲ့သည်။

စာတတ်မြောက်ရေးကြိုးပမ်းမှု ဒုတိယကာလဟု သတ်မှတ်နိုင်သည့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ၏ဦးဆောင်မှုဖြင့် နှစ်စဉ်ခရိုင်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းကြောင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်မှု အောင်ပွဲခံနိုင်ခဲ့သည့်အပြင် ၁၉၈၇ ခုနှစ်အထိ မြို့နယ်ပေါင်း ၂၇၀ တွင် စာတတ်လာကြသူပေါင်း ၁၉ ဒသမ ၉ သန်းကျော် ရှိလာခဲ့သည်။

စာတတ်မြောက်မှုနှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်းကို ၁၉၈၃ ခုနှစ်ကပင် ပြည့်မြောက်ခဲ့ပေပြီ။

စာတတ်မြောက်ရေးကြိုးပမ်းမှု တတိယကာလ

စာတတ်မြောက်ရေးကြိုးပမ်းမှု တတိယကာလသည် ၁၉၉၀ ပြည့်နှစ်မှ စခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း မည်မျှရှိသည်ဟူသောအချက်နှင့် တိုင်းတာလေ့ရှိသည်။ ထို့ကြောင့် စာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်လာသည်။

စာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ၂၁ ရာစုနှစ်တွင် အရေး၊ အဖတ်၊ အတွက် တတ်မြောက်လာရုံမျှဖြင့် မလုံလောက်တော့ပေ။ စာသည် ပညာသင်ယူရန် ကိရိယာဖြစ်သည်။

၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်လာကြသည်။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သက်သက်မျှသာ မဟုတ်တော့ဘဲ ကမ္ဘာကြီးကို လေ့လာသိရှိရန် လိုအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကာလကို ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်လျက် စာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် လှုံ့ဆော်အားပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း စာတတ်မြောက်ရေးလုပ်ငန်း ရည်မှန်းချက်များကို မျက်ခြည်ပြတ်မခံဘဲ အစဉ်ကြိုးပမ်းလျက်ရှိပေသည်။

တတ်ပြီးသည့်စာ မမေ့စေရေးသည် အရေးကြီးသည်။ စာကို ဆက်လက်ဖတ်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များ၊ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်များ၊ ဘဝသာယာရေးအစီအစဉ်များ ပါဝင်သည့် စဉ်ဆက်ပညာရေးကို ချမှတ်ကျင့်သုံးခဲ့သည်။

အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်များသည် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း၏ အဓိကလုပ်ငန်းစဉ်ဖြစ်သည်။ ရပ်ရွာပညာပဒေသာဌာနများ ဖွဲ့စည်းထူထောင်၍ အဆိုပါ အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သည်။

စဉ်ဆက်ပညာရေးနည်းဖြင့် တတ်မြောက်လာသည့်စာကို လူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အသုံးချရန်လိုအပ်ပါသည်။ ထို့ကြောင့်ပင် အစဉ်သင်ယူနေသော လူ့အဖွဲ့အစည်း(Learning Society)အဖြစ် ကြိုးပမ်းထူထောင်နေခြင်းဖြစ်သည်။

ယခုဆိုလျှင် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်သည် ၁၀ နှစ်ပြည့်ရန် နှစ်နှစ်သာကျန်တော့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်းသည် ၂၀၀၉ ခုနှစ်တွင် ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းရှိပေသည်။

နယ်စပ်ဒေသ'အ'သုံးလုံးကျေ သင်တန်းများလည်း ဖွင့်လှစ်ပေးနေပေသည်။

နယ်စပ်ဒေသ စာတတ်မြောက်ရေးလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆပ်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်၏ ရည်ရွယ်မျှော်မှန်းချက်သည် မကြာမီတွင် ပြည့်ဝလာတော့မည်ဖြစ်ပေသည်။ ။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေသော တိုင်းရင်းသားပါတီများနှင့် ကိုယ့်ထမင်းကိုယ်စား ကိုယ့်ဘဝကို ရင်းနှီးပြီး တိုင်းပြည်အကျိုး သယ်ပိုးလိုတဲ့သူ၊ တိုင်းပြည်ကိုချစ်တယ်လို့ ထင်တဲ့သူတွေကို မဲပေးပါဆိုတဲ့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် တွေ့ဆုံခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၄၄)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ နောက်ဆုံးသတင်းများ၊ မဲဆန္ဒနယ်သုံးနယ်တွင် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော နိုင်ငံရေးပါတီ သုံးခု၊ ရွေးကောက်ပွဲသို့ စီးပွားရေးလုပ်ငန်းရှင်ကြီးသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်၊ အစဉ်အလာ ဒီမိုကရေစီ၊ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများ ဘဏ်စာရင်းဖွင့်နိုင်ပြီ၊ အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံပုံတူစေတီတော် အနေကဇာတင်ပွဲနှင့် ဗုဒ္ဓညီလာခံ ကျင်းပမည်၊ ကမောက်ကမကားလောကနှင့် ကားကောင်းကောင်းကို ဈေးပေါပေါစီးစေလိုချင်ကြသူများ၊ တွံတေးမြို့သုသာန်အနီးတွင် တရားဝင်လိုင်စင်မရှိဘဲ နွားများဝယ်ယူသိုလှောင်ထားသူကို အရေးယူ၊ (၇၂------)နံပါတ်နှင့် စသော CDMA (Fixed) ဖုန်းများကို GSM, CDMA 800 MHz, CDMA 450 MHz ဖုန်းများနှင့် လဲလှယ်နိုင်ပြီ၊ ဈေးကွက်အတွင်းက ရွှေဈေး ဒေါ်လာဈေး ကားဈေး၊ အိန္ဒိယ-မြန်မာနယ်စပ်ဖြတ်ကျော်သွားလာခွင့်ကို ကီလိုမီတာ ၄၀ မှ ၁၆ မီတာသို့လျှော့ချ၊ မြန်မာနိုင်ငံတွင် မှတ်သုံမိုးအပြင် နောက်ထပ် နှစ်မိုးကျန်ရှိ၊ သစ်အစားထိုး ရေစိုခံဘိလပ်မြေကျောက်ပြားသုံးခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-မြန်မာ သုံးနိုင်ငံ ကားရထားလမ်း ဖောက်လုပ်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံက အရှိန်မြှင့်လုပ်ဆောင်၊ မြန်မာနိုင်ငံတွင် ရေနံနှင့်ကျောက်မီးသွေး ရှာဖွေထုတ်လုပ်ရန် ဖိလစ်ပိုင်နိုင်ငံက စိတ်ဝင်စား၊ ဂြိုဟ်တုပေါ်မှ တွေ့ရသည့် မီးတောင်များ၊ ချူစစ်ပွဲတစ်ခုဖြစ်နိုင်ကြောင်း ဗင်နီဇွဲလားသမ္မတချာဗက်ဇ်အား ကတ်စထရိုသတိပေး၊ သေမင်းတမန်ကုန်သည်ကြောင့် အမေရိကန်-ရုရှား ထိပ်တိုက်တွေ့မည့်ပြဿနာတစ်ရပ်ကို ဖိတ်ခေါ်နေ၊ မြောက်ကိုရီးယားတို့ ပစ်ခတ်လာပါက ချက်ချင်းတုံ့ပြန်ပစ်ခတ်မည်ဟု တောင်ကိုရီးယားကတိပြု၊ မြောက်ကိုရီးယား၏ ပုံဖျက်မှုနည်းဗျူဟာများ မြောက်ကိုရီးယားက ဒူးထောက်လက်မြှောက်မည်မဟုတ်စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

နှစ် (၅၀) ပြည့် မဂ္ဂဇင်းထုတ်ဝေရေး စုပေါင်းလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) တည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် နိုင်ငံကျော်စာရေးဆရာကြီး၊ ဆရာမကြီးများ၏လက်ရာဖြင့် မဂ္ဂဇင်းထုတ်ဝေရေးအတွက် ညောင်ဦး၊ ပုဂံ၊ ပခုက္ကူမြို့များမှ မြင်းခြံပုံးရည်ကြီးမှ ကျပ် ၂၀၀၀၀၊ တော်ဝင်ဘော်ဒါပညာသင်ကျောင်းမှ ကျပ် ၁၅၀၀၀၀၊ ဇိမ်ကွာစီ၊ ဇီးပြားမှ ကျပ် ၁၀၀၀၀၀၊ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းမှ ကျပ် ၁၀၀၀၀၀၊ ကဲကဲလေး စားသောက်ဆိုင်မှ ကျပ် ၁၅၀၀၀၀၊ ဇီးကွက်ပုံးရည်ကြီးမှ ကျပ် ၁၀၀၀၀၀၊ Sunset Garden II စားသောက်ဆိုင်မှ ကျပ် ၁၀၀၀၀၀၊ Ever Stand ယွန်းထည်လုပ်ငန်းမှ ကျပ် ၅၀၀၀၀၊ ရွှေပုဂံ ယွန်းထည်လုပ်ငန်းမှ ကျပ် ၄၀၀၀၀၊ နေပြည်တော် အမှုန့်ကြိတ်လုပ်ငန်း၊ ရွှေညီညီ ယွန်းထည်လုပ်ငန်း၊ နန္ဒာစားသောက်ဆိုင်၊ မြရတနာ စားသောက်ဆိုင်၊ ပုဂံမြို့သူပုံးရည်ကြီး တို့မှ ကျပ် ၂၅၀၀၀စီ စုစုပေါင်းငွေကျပ် ၁၁၁၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ အလှူရှင်များကိုယ်စား ဦးဖိုးချို(ညောင်ဦးဖိုးချို)က စက်တင်ဘာ ၁ ရက် နံနက်က တာမွေမြို့နယ် အာသောကလမ်း ချိုဟိန်းသန့်ခတ်ပုံစတူဒီယို၌ ပေးအပ်ရာ ပုဂံ-ညောင်ဦးမြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ မဂ္ဂဇင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် မဂ္ဂဇင်းတွဲဖက်တာဝန်ခံအယ်ဒီတာ ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူစိုးဝင်း)၊ အသင်းတွဲဖက်အတွင်းရေးမှူး ဦးပေါများနှင့် ဘဏ္ဍာရေးမှူး ဦးသာထွေးတို့က လက်ခံရယူကြသည်။ **(အောက်ပုံ)** (၆၁)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် စက်ပစ်ကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

ထို့နောက် သရုပ်ပြပစ်ခတ်ခြင်းကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကျောက်မဲလေးကျေးရွာ ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ပွဲကောက်ရေလွှဲဆည် စီမံကိန်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေချောင်း-အနီးစခန်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရတနာပုံတယ်လီပို့တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်အောင်နှင့် ပြည်ရေနံမြေတို့မှ ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဦးသန်းဌေး တွေ့ဆုံဆွေးနွေးမှာကြား

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ပြည်ရေနံမြေ၌ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် စက်တင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေ၌ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးမှာကြားပြီး ရေနံမြေခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၅ ရက်တွင် ပြည်ရေနံမြေ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ ရေနံမြေ ယာယီရှင်းလင်းဆောင်၌ မန်နေဂျာနှင့် တာဝန်ရှိသူများက ပြည်ရေနံမြေတွင် တွင်းတူးစက်များ စုဖွဲ့၍ ပေလတ်နှင့် ပေနက်တွင်းသစ်လေးတွင်းကို တစ်ပြိုင်တည်း တူးဖော်နေမှု၊ ရေနံတွင်းတူးသုံးပစ္စည်းများရောက်ရှိမှုနှင့် ပြည်ရေနံမြေဧရိယာ၏ ဘူမိဗေဒအနေအထားများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပြန်လည်ဆွေးနွေးမှာကြားပြီး တွင်းအမှတ်(၁၆၃)နှင့် (၁၆၅)တူးဖော်နေမှုတို့ကို တက်ရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၁ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ပြိုင်ပွဲဝင်ပညာရှင်များအား ဖိတ်ခေါ်ထားသည်။ လအလိုက် ပြိုင်ပွဲခေါင်းစဉ်များမှာ-

လ	ပြိုင်ပွဲခေါင်းစဉ်
ဇန်နဝါရီ	သာယာရှုခင်းတို့ပြည်တွင်း
ဖေဖော်ဝါရီ	တို့တိုင်းရင်းသားညီနောင်များ
မတ်	ခါနွေဦး
ဧပြီ	သင်္ကြန်ချိန်ခါ
မေ	လုပ်အားဖြင့်အလှူဆင်
ဇွန်	ကျောင်းဖွင့်ချိန်
ဇူလိုင်	မိုးရာသီအလှ
ဩဂုတ်	မြန်မာ့လယ်မြေအလှဝေ
စက်တင်ဘာ	မြန်မာ့အနုပညာလက်ရာများ
အောက်တိုဘာ	မြန်မာ့သစ်သီးဝလံများ
နိုဝင်ဘာ	မြန်မာ့စေတီပုထိုးများ
ဒီဇင်ဘာ	ကျန်းမာလှုပ်ရှား အားကစား

ပြိုင်ပွဲဝင်များအနေဖြင့် လစဉ်သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သတ်မှတ်ထားသည့်လအလိုက် ခေါင်းစဉ်များနှင့်ပတ်သက်၍ ဓာတ်ပုံများပေးပို့ရာတွင် ပြိုင်ပွဲဝင်တစ်ဦးအနေဖြင့် ရောင်စုံဓာတ်ပုံ လေးပုံအထိ တင်သွင်းနိုင်ပြီး ဓာတ်ပုံအရွယ်အစားမှာ ၈လက်မ × ၁၀ လက်မ သို့မဟုတ် ၁၂လက်မ × ၁၄ လက်မဖြစ်ရမည်။ ပေးပို့သောဓာတ်ပုံများနှင့် ပတ်သက်၍ ပြိုင်ပွဲဝင်သူ ဓာတ်ပုံပညာရှင်က တာဝန်ယူရမည်။ ပြိုင်ပွဲဝင်စည်းကမ်းချက်အသေးစိတ်ကို လစဉ်ထုတ်မြဝတီမဂ္ဂဇင်းတွင် အသေးစိတ်ဖော်ပြထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လစဉ်လဆန်း ၁၅ ရက် နောက်ဆုံးထား၍ မြဝတီစာပေတိုက် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော်(၁၅) ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃ သို့လည်းကောင်း၊ မြဝတီစာပေတိုက် (ရုံးခွဲ) အမှတ် (၁၈၁) ၃၂ လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၂၄၄ သို့လည်းကောင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဘိုကလေးမြို့နယ်၌ ကျင်းပ

ဒီရေတောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဘိုကလေးမြို့နယ် ဧရာကျေးရွာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန် စက်တင်ဘာ ၆

ဒီရေတောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဧရာကျေးရွာရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကံထွန်းတို့က ဒီရေတော၏ တန်ဖိုးကြီးမားမှုနှင့် ဒီရေတောများကို ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများက မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဘေးပတ်ဝန်းကျင်တွင် အရိပ်ရလေကာပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်တံခါးမြို့နယ် အသင်း(ရန်ကုန်)သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမှတ် (၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်အဟောင်း၊ အသစ်များအားလုံး တက်ရောက်ကြရန်နှင့် ပုံစံဖြည့်ရန်အတွက် ဓာတ်ပုံနှစ်ပုံ ယူဆောင်လာကြရမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ဘာရနက္ခေပနံ. . . သုခံ (အချမ်းသာဆုံး ချမ်းသာစစ်)(အပိုင်း-၂)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၆)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ်(အပိုင်း-၁၂)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

○ လက်ပန်ခြေပေါ်မှ

ကောင်းလာ၍ ကိုယ်ပိုင်ကားသာရှိလျှင် နေပြည်တော်မှ ပုဂံညောင်ဦးကို ၅ နာရီနှင့် ခရီးပေါက်နိုင်သည်။

ညောင်ဦးသည် တစ်ခရိုင်၊ တစ်မြို့နယ်ဖြစ်သည်။ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတို့သည် ညောင်ဦး-ကျောက်ပန်းတောင်း လမ်းဘေးခြံဝင်း တစ်ခုတည်း၌ ဘေးချင်းယှဉ်လျက်ရှိသည်။ ရှေးဦးစွာ ညောင်ဦးခရိုင်ရုံး၌ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်နှင့် သွားရောက်တွေ့ဆုံဖြစ်သည်။

ခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင်က ညောင်ဦးခရိုင်အတွင်း ယခင်က ဆေးရွက်ကြီးနှင့် ဆီထွက်သီးနှံများသာ စိုက်ပျိုးခဲ့ရာမှ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ပြီးနောက် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လာမှု အခြေအနေ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာမှု၊ ဆန်ဖူလုံမှုနှင့် ဆီဖူလုံမှု ရာခိုင်နှုန်း၊ ဧရာဝတီတံတား(ပခုက္ကူ) ပြီးစီးပါက ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဒေသများနှင့် ဆက်သွယ်မှုလွယ်ကူလျင်မြန်လာမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းနှင့် မြို့နယ်ရေအရင်းအမြစ်

ရှင်းလင်းပြောကြား

ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရထွန်းလင်း ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်မှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။

များ စိုက်ပျိုးပြီး ရေပိုက်လိုင်းသွယ်တန်း၍ ရေလောင်းမှု၊ ပလတ်စတစ်ကင်းမဲ့သည့်ဒေသဖြစ်ရေးအတွက်ရှေးဟောင်းသုတေသနဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ သစ်တောသစ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၏ ခေါ်ဆောင်မှုဖြင့် လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်လေ့လာဖြစ်သည်။ ညောင်ဦး-မြင်းခြံလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ကျောက်ကူးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ မြောင်းမကြီးကို ကျော်လာသည်နှင့် လမ်းဘေး ဝဲ၊ ယာတွင် စိမ်းစိုသော စိုက်ပျိုးပြီးစ စပါးခင်းများကိုတွေ့လာရသည်။ မိုးနည်းရေရှားဒေသ၌ ယခုကဲ့သို့စိမ်းစိုသော စပါးခင်းများနှင့် လယ်ကွက်များအတွင်း ရေဖွေးဖွေးဖြစ်နေသည်ကို မြင်ရသည်မှာ

မြစ်ရေတင်လုပ်ငန်းတွေ့ရဲ့ လက်တမြောင်းတွေကတစ်ဆင့် ကားလမ်းဘေးမှာ သောက်သုံးရေကန်တွေ ပြုလုပ်ပေးနိုင်လို့ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါအထောက်အကူ အများကြီးရတယ်” ဟု ရှင်းပြသည်။

ဤဒေသရှိ လယ်မြေများသည် ယခင်က စပါးစိုက်ပျိုးခဲ့ခြင်းမရှိ၍ သဲဆန်သောမြေဖြစ်ရာ စပါးစိုက်ပျိုးအောင်မြင်ရန်အတွက် သွင်းအားစုများဖြင့် မြေပြင်ပြီး စိုက်ပျိုးခဲ့ရကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် ဧပြီလအတွင်းက ပခုက္ကူမြို့သို့သွားစဉ် လက်ပန်ခြေပေါ်မှ ဇက်ရေယာဉ်ဖြင့် ဖြတ်ကူးခဲ့ရသည်။ ဧရာဝတီမြစ်အတွင်းမှ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ ပင်မရေတင်စက်ရုံမှ သံပိုက်လုံးကြီးများကို လှမ်းကြည့်ဖြစ်ခဲ့သေးသည်။ ယခုတော့ အကြောင်းတိုက်ဆိုင်၍ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရလေပြီ။ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ရေသောက်ဧရိယာ ဧက ၁၅၀၀၊ ပင်မရေတင်လုပ်ငန်း တစ်ခု၊ ထပ်ဆင့်ရေတင်စခန်း တစ်ခု၊ ပင်မမြောင်းအရှည်ပေ၁၄၀၀၀၊ ပင်မမြောင်း

လက်ပန်ခြေပေါ်သို့ ရောက်ရှိခိုက် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်လာမည့် ဧရာဝတီတံတား (ပခုက္ကူ) စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်ကို ဝင်ရောက်လေ့လာဖြစ်သည်။ ဧရာဝတီမြစ်ရေ တက်ချိန်ဖြစ်သော်လည်း လက်ပန်ခြေပေါ်ဘက်ခြမ်း၌

ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်း ကမ္ဘာ့နီကျေးရွာ သစ်တောစိုက်ခင်း၌ နှစ်ရှည်ပင်များ စိုက်ပျိုးထားမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

ပေ ၁၀၀ ခန့် မြင့်သော်လည်း မိုးရာသီ ဧရာဝတီမြစ် ရေတက်ချိန်ဖြစ်၍ ပေ ၄၀ ခန့်သာမြင်ရပြီး ပေ ၆၀ ခန့်မှာ ရေအောက်နစ်မြုပ်နေသည်။

ဧရာဝတီမြစ်ရေကို နတ်သမီးကမ်းပါးရေတင်စက်ရုံမှစုပ်ယူရေတင်ပြီး ၄ှက်ပစ်တောင်ရှိ ထပ်ဆင့်ရေတွန်းစက်ရုံသို့ ပေးပို့သည်။ ၄ှက်ပစ်တောင် ထပ်ဆင့်ရေတွန်းစက်ရုံတွင် ဂါလန် ၈၁၀၀၀၀ ဆံ့ ရေလှောင်ကန်ဖြင့် သိုလှောင်ပြီး မြင်းကောင်ရေ ၁၂၀ အား ရေတွန်းစက် ခုနစ်လုံးဖြင့် တောင်ဇင်းလိုင်း၊ စက်စက်ယိုလိုင်းနှင့် မြို့ရေပေးရေလိုင်းဟူ၍ ရေပေးရေးရေပိုက်လိုင်း သုံးသွယ်ဖြင့် ၂၄ နာရီ ရေဖြန့်ဝေလျက်ရှိသည်။ညောင်ဦးမြို့နယ်၏ ကျေးလက်ရေပေးရေးမှာ မိုင် ၆၀ရှိ၍ မြန်မာနိုင်ငံ၏ အရှည်ဆုံး ကျေးလက်ရေပေးရေးဟုဆိုနိုင်သည်။ တောင်ဇင်းလိုင်းနှင့် စက်စက်ယိုလိုင်း ရေပေးရေးတွင် အင်တိုင်း၊ လက်ပံတဲ၊ တောင်သာ၊ တောင်တော၊ စက်စက်ယို၊ နဘူးတော၊ ရှင်မိန်၊ နပ္ပလင်၊ မန်ကျည်းစောက် ကျေးရွာတို့၌ ရေတွန်းစက်ရုံများ ထားရှိပြီး နီးစပ်ရာကျေးရွာများသို့ တစ်ဆင့် ရေဖြန့်ဝေပေးသည်။

နွေရာသီတွင် ရေအခက်အခဲရှိသော ကျေးရွာများနှင့် ရေတွန်းစက်ရုံနှင့် ဝေးလံသည့်ကျေးရွာများအတွက် ဂျပန်နိုင်ငံမှ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှ-ဂျပန်ပေါင်းကူး (BAJ)၏အကူအညီဖြင့် ခြောက်လက်မ စက်ရေတွင်းများကို တူးဖော်ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်များ တည်ဆောက်ကာ ရေအခက်အခဲကို ဖြေရှင်းပေးလျက်ရှိသည်။ ယခုအခါ ညောင်ဦးခရိုင်အတွင်း မြို့နယ်စည်ပင်၊ အလှူရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ပေးမှုဖြင့် ကျေးလက်ရေပေးရေးစက်ရေတွင်းပေါင်း ၂၂၅ တွင်း တူးဖော်နိုင်ခဲ့ပြီးဖြစ်သည်။ လက်ရှိတွင်လည်း ထရိုင်းတောကျေးရွာ၌ ခြောက်လက်မ စက်ရေတွင်း တူးဖော်လျက်ရှိပြီး ဆက်လက်တူးဖော်ရန်လည်း အစီအစဉ်ရှိကြောင်း အားတက်ဖွယ်ကြားသိခဲ့ရသည်။ ရေရှားပါးသော အညာဒေသဖြစ်သည့် ညောင်ဦးခရိုင်အတွင်း ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခြင်းသည် သာဓုအကြိမ်ကြိမ် ခေါ်ဆိုရမည့် မွန်မြတ်သော လုပ်ရပ်ဖြစ်ပေသည်။

“ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ”မုခ်ဦးကို ကျော်လာသောအခါ မီးအလင်းရောင်တို့ အားကောင်းလာပြီး ညအမှောင်ရောက်လာသည်။ ကားမှန်ပြတင်းမှ အပြင်သို့ငေးရင်း ညောင်ဦးမြို့နယ်အတွင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို အတွေးနယ်ချဲ့နေမိသည်။ယခုနှစ် ပုဂံညောင်ဦးမှာ မိုးကောင်း၍ ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် သေချာနေသည်။ ထီးမယူခဲ့မိ၍ ပုဂံမိုးမိသော်လည်း တောင်သူများ စီးပွားဥစ္စာတိုးတက်မည်ဖြစ်၍ ပုဂံမိုးကို ကျေးဇူးတင်နေမိသည်။ ပုဂံမှာရွာသောမိုးသည် တောင်သူများအတွက် ရွှေမိုး၊ ငွေမိုးပင် ဖြစ်ပါတော့သည်။ ။

လျှပ်စစ်မြစ်ရေတင်

ညောင်ဦးမြို့နယ် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ပင်မရေတင်စက်ရုံနှင့် သံပိုက်လုံးကြီးများကို တွေ့ရစဉ်။

တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးတည်ဆောက်ရေးအဖွဲ့(၃)မှအင်ဂျင်နီယာမှူး(မြို့ပြ) ဦးစောစိန်သန်းက ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးအောင်ခိုင်မြင့်က ချဉ်းကပ်လမ်းဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဧရာဝတီတံတား(ပခုက္ကူ)စီမံကိန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းတွင် ပင်မတံတားလုပ်ငန်း၏ ၄၇ ဒသမ ၇၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။တံတားအုတ်မြစ်လုပ်ငန်းများနှင့် ချဉ်းကပ်လမ်းဘိုးပိုင်တူးခြင်း လုပ်ငန်းများ စက်တင်ဘာလကုန်ပိုင်းတွင် ပြီးစီးနိုင်ရေးအတွက် ရည်မှန်းချက်ထားကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဧရာဝတီမြစ်ရေဖွေးဖွေးတွင် တံတားရေလယ်တိုင်ကြီးများကို တစ်မျှော်တစ်ခေါ် အတန်းလိုက်တွေ့ရသည်မှာ အမြင်ဆန်းလှသည်။ မကြာမီ တံတားသံပေါင်များ တပ်ဆင်နိုင်တော့မည်ဖြစ်ရာ တံတားကြီး၏ ရုပ်လုံးကြွလာတော့မည်ဖြစ်သည်။

မပြန်ခင်တစ်ရက်၌ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့်အတူ ကမ္ဘာ့နီဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းစီမံကိန်း၏ ကမ္ဘာ့နီသစ်တောစိုက်ခင်းကို သွားရောက် လေ့လာဖြစ်သည်။ ကမ္ဘာ့နီကျေးရွာသည် ညောင်ဦး-မြင်းခြံလမ်းဘေးတွင်တည်ရှိပြီး ညောင်ဦးမြို့မှ ၁၅ မိနစ်ခန့်ကားစီးရုံနှင့် ရောက်ပါသည်။

ကမ္ဘာ့နီဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းစီမံကိန်းအရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်းက ကမ္ဘာ့နီကျေးရွာအနီး၌ ကျေးရွာသုံးထင်းစိုက်ခင်း ၇၅ ဧက တည်ထောင်ထားရာ ပြီးခဲ့သည့် နွေရာသီတွင်ရေကားများဖြင့် ဧရာဝတီမြစ်ရေသယ်ယူပြီး ရေလောင်းပြုစုခဲ့၍ ယခုအခါ ရှင်သန်ဖြစ်ထွန်းလျက် ရှိသည် ကိုတွေ့ရသည်။ စိုက်ခင်းအတွင်း ယူကလစ်၊ ဒဟတ်၊ မဲဇလီ၊ တမာနှင့် ကုက္ကို(အညာကုက္ကို) ပင်များ စိုက်ပျိုးထားရာ ယူကလစ်နှင့် တမာက အရေအတွက်အများဆုံးဖြစ်သည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဗဟိုအဖွဲ့ (JIFPRO) ၏ အကူအညီဖြင့် သစ်တောဦးစီးဌာနမှ တာဝန်ယူ စိုက်ပျိုးပေးထားခြင်းဖြစ်သည်။

မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက “ကျေးလက်ပြည်သူတွေက တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြရတော့ သစ်တောသစ်ပင်စိုက်ပျိုးဖို့ အချိန်မပေးနိုင်ကြဘူး။ သစ်တော သစ်ပင်က ရေရှည် ပြုစုပျိုးထောင်ရတာဆိုတော့ သူတို့စိတ်ဝင်စားမှု နည်းကြတယ်။ အရင်ကသစ်(ထင်း)ရှာရင်သူတို့လက်တစ်ကမ်းမှာပဲ ရှိခဲ့တယ်။ အခုမရှိတော့ဘူး။ ဒါကြောင့် ပြည်သူအစုအဖွဲ့ပိုင်သစ်တောတွေ ထူထောင်ပေးပြီး နောက်ပိုင်းမှာ ဒေသခံပြည်သူတွေကို လွှဲပြောင်းပေးသွားမှာပါ”ဟု ရှင်းပြသည်။

ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်း (နတ်သမီးကမ်းပါး)ကိုလည်း သွားရောက်လေ့လာဖြစ်ခဲ့သည်။ ညောင်ဦးမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဖြူးပေးရာတွင် အဓိက ရေတင်စက်ရုံမှာ ဧရာဝတီမြစ်အနီးရှိ နတ်သမီးကမ်းပါး၌ တည်ရှိသည်။ နတ်သမီးကမ်းပါးသည်



ဧရာဝတီတံတား (ပခုက္ကူ)

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်လာမည့် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၏ လက်ပန်ခြေပေါ်ဘက်ခြမ်း ချဉ်းကပ်တံတားလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အသုံးချရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။

ညောင်ဦးမြို့နယ်ရုံးဘက်သို့ ကူးခဲ့ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူရထွန်းလင်းနှင့် အခန့်သင့်ပင်တွေ့ရသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးသူရထွန်းလင်းက ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်ပြီးစီးမှု၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ၊ယာ တစ်လျှောက်နှင့် လမ်းလယ်ကျွန်းတို့၌ ပန်းအလှပင်

စိတ်ကြည်နူးဖွယ်ရာကောင်းလှသည်။ စပါးခင်းများကို ကြည့်ငေးနေဆဲမှာပင် ဦးမောင်မောင်လွင်က “ဒီစပါးခင်းတွေက ကျောက်ကူးမြစ်ရေတင်ရဲ့ ရေသောက် ဧရိယာတွေပါ။ မြစ်ရေတင်လုပ်ငန်းမရှိခင်ကဆိုရင် ဒီဒေသမှာ စပါးစိုက်ပျိုးမှုလုံးဝမရှိခဲ့ဘူး။ အခုတော့ နွေရော၊ မိုးပါ ရေမပြတ်ရနေတော့ မိုးစပါး၊နွေစပါးစိုက်နိုင်ကြတယ်။ဒီဒေသက အချို့ကျေးရွာတွေဟာ အရင်ကဆိုရင် သောက်သုံးရေကို ဧရာဝတီမြစ်အထိသွားပြီး သယ်ယူကြရတယ်။

လိုင်နင်ပေ ၆၀၀၀၊ လက်တံမြောင်း အရှည် ပေ၂၁၀၀၀၊ လက်တံမြောင်း လိုင်နင် ပေ ၃၆၀၀ ဖြစ်သည်။

ညောင်ဦးခရိုင်အတွင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းငါးခုရှိရာ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် အကျိုးပြုဧက ၁၁၀၀၀၊ ကျောက်ကူးလျှပ်စစ်မြစ်ရေတင် အကျိုးပြုဧက ၂၅၀၀၊ သူကောင်းတည် လျှပ်စစ်မြစ်ရေတင် အကျိုးပြုဧက ၆၀၀၀၊ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင် အကျိုးပြုဧက ၁၅၀၀၊ ငါ့သရောက် လျှပ်စစ်မြစ်ရေတင် အကျိုးပြုဧက ၈၇၀၀ တို့ဖြစ်သည်။ အဆိုပါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ငါးခုစလုံးသည် ဧရာဝတီမြစ်၏ ရေအရင်းအမြစ်ကို အသုံးချ၍ တည်ဆောက်ထားခြင်းဖြစ်ပြီး စုစုပေါင်း အကျိုးပြုဧကမှာ ၂၉၇၀၀ ဖြစ်သည်။

တိုင်းမှူး ပိုလ်မှူးချုပ်စိုးလွင် ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများ စစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၄ ရက်တွင် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တအုံကျေးရွာရှိ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန မိုးချည်မျှင်ရှည်ဝါ စိုက်ကွက်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံဝါစိုက်တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေဘို-ကျောက်မြောင်းလမ်း လမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်သို့ရောက်ရှိပြီး ကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခင်ဦးမြို့နယ် ကျီးကန်ကျေးရွာရှိ ကင်းတပ်ဆည် လက်ဝဲမြောင်း သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကံသစ်ကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးစိုက်ခင်း၌ မြေသြဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေဦးမြို့နယ် မုတ်စီကျေးရွာ မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွက်အတွင်း စုပေါင်း မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာရှိ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ရေဦးမြို့နယ် မုတ်စီကျေးရွာ မိုးစပါး စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

Today Top Star Co., Ltd. အလုပ်သမားသင်တန်းကျောင်း(ဘားအံ)ဖွင့်

နေပြည်တော် စက်တင်ဘာ ၆

Today Top Star Consultancy Group က ကြီးမှူး၍ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁၅) ရတနာကျွန်း ဗိုလ်ချုပ်လမ်း၌ တည်ရှိသည့် Today Top Star အလုပ်သမားသင်တန်းကျောင်း (ဘားအံ)ဖွင့်ပွဲနှင့် သင်တန်းအပတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဘားအံမြို့ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ Sea Wealth Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. TANASAK KIJPOONGRO-JANA နှင့် HR မန်နေဂျာများ၊ Golden Gate Resources Co., Ltd. Managing Director Mr. NIPON MANITSIRISUKနှင့် Today Top Star Co., Ltd. မှ တာဝန်ရှိသူများ၊ အလုပ်သမား သင်တန်းကျောင်း (ဘားအံ)မှ တာဝန်ရှိသူ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Today Top Star မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဒေါ်ဝါဝါစိန်က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာက တရားမဝင် အလုပ်သမားဘဝ၏ နစ်နာဆုံးရှုံးရမှုများ၊ တရားဝင် သွားရောက်အလုပ် လုပ်ကိုင်ခြင်းဖြင့် ခံစားရရှိနိုင်သော အကျိုးကျေးဇူးများ၊ တရားမဝင် လူကုန်ကူးမှုပုံစံဖြင့် သွားရောက်နေမှုများကို ရှောင်ကြဉ်ပြီး နိုင်ငံတော်အစိုးရက စီစဉ်ပေးနေသည့် ယာယီနိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်၍ လုံခြုံစိတ်ချစွာ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အရေးများ စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းကျောင်းသည် တရားဝင် ပြည်ပထွက်ခွာခွင့်ရရှိသည့် အလုပ်သမားများအား အသက်အာမခံထားရှိရန် မြန်မာ့အာမခံလုပ်ငန်း၏ ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

Today Top Star ကို HR Management အတွက် ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတော်၏ ဖော်ဆောင်မှု အစီအစဉ်များတွင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အလုပ်သမားဝန်ကြီးဌာန၌ ပြည်ပသို့ လုပ်သားအများဆုံး စေလွှတ်နိုင်ခဲ့သော ကုမ္ပဏီအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရကြောင်း၊ Today Top Star Consultancy Group က ပြည်တွင်း ပုဂ္ဂလိက ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ဆိုင်ရာ သဘောတရားများကို သင်တန်းဖွင့်လှစ်ပို့ချခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာများ သိရှိလေ့လာနိုင်ရန် ရုံးလုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် လုပ်ကိုင်မည့် လုပ်သားများအတွက် လုပ်ငန်းခွင်သဘောတရား၊ အလုပ်အပေါ်တွင် ထားရှိရမည့် စိတ်ထား၊ တရားဝင်လုပ်သားတစ်ဦးရရှိမည့် အခွင့်အရေး၊ အလုပ်သမားစာချုပ်ပါ အချက်များ၊ ဘာသာစကား အခြေခံတို့ကို လုပ်ငန်းတွင် အဆင်ပြေစေရေးအတွက် သင်တန်းများ စသည်ဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌လည်း အလားတူ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက Today Top Star (ဘားအံ) အလုပ်သမား သင်တန်းကျောင်း ဖုန်း- ၀၅၈-၂၂၆၄၀ နှင့် ၀၉-၅၀၃၇၄၉၀၊ ရန်ကုန်ရုံးချုပ် ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့် ပြည်မြန်မာကုန်တိုက် တတိယထပ် ဖုန်း-၀၁-၅၀၀၅၄၇၊ ၅၀၀၅၄၈ နှင့် ၅၃၄၇၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Today Top Star Co., Ltd. မှ တာဝန်ရှိသူများ၊ အလုပ်သမား သင်တန်းကျောင်း (ဘားအံ)မှ တာဝန်ရှိသူ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးလွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကျောင်းကုန်းမြို့နယ်အဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှုနှင့် မီးကြိုး၊ မီးခလုတ်များ စနစ်တကျ သွယ်တန်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ပြည်မြန်မာ သတင်းဂျာနယ် အမှတ် (၇၃၃)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ "ကျပ်သိန်း ၂၆၅၀ တန်သည့် ဆိုင်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ လူတစ်ဦးကို ပြန်ပေးဆွဲသူများအား ငါးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ နောက်ဆုံးသတင်း၊ ဖိုးကျားအပန်းဖြေဆင်စခန်း ပွင့်လင်းရာသီအမီ ပြုပြင်မည်၊ GSM ဖုန်းလိုင်းများ အဆင့်မြှင့်မည်၊ သုံးဆယ် ဆရာတော်ကြီးအား ဖူးမြော်ရင်း လုပ်အားဒါနပြုခဲ့သည့် နေထက်လင်း၊ ရေဝေးသုသာန် ပြောင်းရွှေ့မည့်သတင်း မမှန်ဟုဆို၊ ရခိုင်ပြည်နယ် ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်မဂ္ဂါဝပ် ၅၀၀ကို ဘင်္ဂလားဒေ့ရှ် ဝယ်ယူမည်၊ ငါးသိန်းတန်ဖုန်း ဝယ်လိုအားကောင်း၍ အလုံးရေတစ်သိန်း ထပ်ချပေးမည်၊ လှော်ကားဥယျာဉ်တွင် ကျားများကို ကြိုးဝိုင်းစနစ်ဖြင့် လှောင်အိမ်မခတ်ဘဲ မွေးမြူမည်၊ မြေသားစစ်စစ်ဖြင့် တန်ဖိုးနည်းအိမ်များ စတင်ဆောက်လုပ်နေပြီ၊ သုံးဆယ်မြို့နယ် တောင်ပန်းဆွဲကျေးရွာမှ ဆရာတော်ကြီးကိုလည်း ဖူးမြော်သူအလွန်များပြားလာ၊ အဝေးပြေးကုန်တင်ယာဉ်များ အာဆီယံ စံညွှန်းအတိုင်းသာ ကုန်စည်တင်ဆောင်ရမည်၊ သီလဝါဆိပ်ကမ်းတွင် စက်သုံးဆီစုစုပေါင်း ဂါလန် ၂၇ သန်း သိုလှောင်နိုင်သည့်ကန်များကို တည်ဆောက်မည်၊ ရန်ကုန်မြို့တွင် အမှိုက်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် ပြည်ပနိုင်ငံများ စိတ်ဝင်စား၊ Miss Thailand ကို ရန်ကုန်မြို့၌ မြန်မာသတို့သမီးဝတ်စုံဖြင့် ပြက္ခဒိန်ရိုက်မည်၊ သဘာဝစစ်စစ် ငှက်သိုက်အမည်းကို ပြည်ပဈေးကွက်တွင် ကြိုက်နှစ်သက်မှုများရှိလာ၊ နေပြည်တော်တွင် မော်တော်ယာဉ်မျိုးစုံ ၁၈၀ခန့် မကြာမီ လေလံတင် ရောင်းချမည်၊ အင်ဒိုနီးရှား နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ မြန်မာရုပ်ရှင်လေးကား ပါဝင်ယှဉ်ပြိုင်မည်၊ ကမ္ဘာကျော် မြွေမွေးမြူရေးခြံ၊ ကမ္ဘောဒီးယား၌ ပေ၁၈၀၀ကျော်မြင့်သည့် အာရှအမြင့်ဆုံး အဆောက်အအုံတည်ဆောက်မည်၊ ဟိုက်ဒရိုဂျင်ဗုံး အလုံးပေါင်း သန်း ၁၀၀ အားရှိ ဧရာမ နေမုန်တိုင်းကြီး ကမ္ဘာကို ရိုက်ခတ်နိုင်ကြောင်း နက္ခတ္တဗေဒ ပညာရှင်များက သတိပေး၊ တရုတ်နိုင်ငံ၏ ကမ္ဘာ့ပထမဆုံး ဆေးရုံသင်္ဘောတိုင်းတစ်ပါးသို့ ကုသပေးရန် ထွက်ခွာ၊ လူကို ဒုံးကျည်ထဲထည့်ကာ ဝေဟင်သို့ ပစ်လွှတ်မည်၊ မြေပြိုကျမှုဖြစ်ပွားရာ လူ ၅၄ဦးသေဆုံးပြီး ခရီးသည်များပါဝင်သည့် ဘတ်စ်ကားတစ်စီးလုံး မြေအောက်သို့ မြုပ်သွားခဲ့၊ အမေရိကန် ကုန်တင်လေယာဉ် ဒူဘိုင်းမြို့အတွင်းသို့ ပျက်ကျ၊ မက္ကဆီကို ပင်လယ်ကွေ့တွင် ဒုတိယမြောက် ကမ်းလွန်ရေနံတူးစင် ပေါက်ကွဲမှုဖြစ်ပွား၊ နယူးဇီလန်က အင်အားပြင်းငလျင်ကြောင့် ကမ္ဘာ၏တစ်ဖက်ခြမ်းသည် ညာဘက်သို့ ၁၁ ပေအထိ ရွေ့သွားဟုဆို၊ တရုတ်တွင် ဒုတိယအကြိမ် ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပွားရာ ကားအစီးရေ တစ်သောင်းကျော် ပိတ်မိ၍ ယာဉ်တန်းကြီးမှာ ၇၅မိုင်အထိ ရှည်လျား" စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ရှုလျှင်ချမ်းသာ ဝိပဿနာဉာဏ်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၀)**
၈း၄၀	Activities In The City (မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်း၏နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးပွဲ အခမ်းအနား)
၈း၅၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌ ဦးခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉း၁၀	လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၉း၂၅	စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၉း၄၀	Cartoon Show Time (Kronk's New Groove)
၁၀း၂၀	စပါးကရွှေ . . ငါးကငွေ (ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး)(ဒါရိုက်တာ-နိုင်း)
၁၀း၂၅	မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology)
၁၀း၄၅	Celebrity Style (ချောရတနာနှင့်သန္တာဗို)
၁၁း၀၅	International Show Biz
၁၁း၂၅	**ပေးဆပ်ခြင်းသည် (လူမင်း၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]**
၁း၀၀	"ရှုလျှင်ချမ်းသာဝိပဿနာဉာဏ်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
၂း၀၀	MRTV-4 သတင်း
၂း၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- Bollywood Star "စန္ဒာဝင်း")
၃း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၀)**
၄း၄၀	Activities In The City (မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်း၏နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးပွဲ အခမ်းအနား)
၅း၀၀	The Champion of Dance
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်းသိကောင်းစရာ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇)**
၇း၂၅	Celebrity Choice (ဂန္ထဝင်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	သူတို့ဘဝသူတို့ဟာသ (ဦးစိန်ရှိန်)
၉း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၂၅	2011 UEFA European U-21 Championship Qualifier (England Vs Lithuania)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၁)**
၁၂း၀၅	**ရင်ထဲမှာနွေ (ခန့်စည်သူ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-သန့်ဇင်အောင်)**
၁း၃၅	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌ ဦးခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁း၅၅	အနုပညာမိုးကောင်းကင်
၂း၂၀	စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
၂း၃၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
၂း၅၀	World of Knowledge (Downed Pilot)
၃း၄၀	မြန်မာစာ၊ မြန်မာစကား
၄း၀၀	ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
၄း၁၅	သင်ကြားရေးလမ်းညွှန် (U.C.E.C တရုတ်ဘာသာစကား သင်တန်းကျောင်း)
၄း၃၀	ဖြစ်ထွန်းအောင်မြင် . . . စိုက်ပျိုးဥယျာဉ်(စပျစ်)
၄း၅၀	ယွန်းဖြစ်တည်ရာကျောက္ကာရွာ
၅း၀၀	အစီအစဉ်ပြီး။

2011 UEFA European U-21 Championship Qualifier

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	England - Lithuania	STAR SPORTS (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲတွင် ဆက်သွယ်ရေးအသင်း အနိုင်ရရှိ

နေပြည်တော် စက်တင်ဘာ ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုပြီးဆုံးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီကန်သွင်းပြီး အရှုံးအနိုင်ဆုံးဖြတ်ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - သုံးဂိုး

[မျိုးမင်းထွန်း၊ အောင်ထွန်းလင်း၊ သက်မှူးကိုကို-(ပယ်နယ်တီ)]

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန - တစ်ဂိုး

(စိုင်းနန္ဒဝင်း-ပယ်နယ်တီ)

ဒိုင်လူကြီး-ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

စက်တင်ဘာ ၇ ရက်တွင် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၀၇)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲတွင် တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (၁၉)

ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ဆက်လက်ကျင်းပရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တပ်မတော်(ရေ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်အဖြစ်ညနေ ၄ နာရီတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် SMART YOUTH အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးသွားသည်။

စက်တင်ဘာ ၇ ရက် ပထမပွဲစဉ်အဖြစ် မွန်းလွဲ ၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ညနေ ၄ နာရီတွင် တပ်မတော်(လေ)နှင့် SMART YOUTH အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၉)

☆**ကျောဖုံးမှ**

ကစားသမားများက အားသွန်ခွန်စိုက် ကစားခဲ့သောကြောင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းနိုင်ပွဲနှင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။ ရတနာပုံအသင်း၏အောက်မှ အသင်းများကို အမှတ်ပိုဖြတ်နိုင်မည့် အခွင့်အရေးကို နေပြည်တော်အသင်းက တားဆီးခဲ့ခြင်းလည်း ဖြစ်သည်။

ရတနာပုံအသင်းကို သရေကစားခဲ့သည့် နေပြည်တော်အသင်း၏ လူစာရင်းတွင် နိုင်ငံခြားသားကစားသမားများဖြစ်သည့် နောက်ခံလူဂျိုးနှင့် ကွင်းလယ်ကစားသမား ဂျွန်နသန်တို့သာ ပါဝင်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းနှင့် တွေ့ဆုံသောပွဲတွင် ရလဒ်ကောင်းများ ရယူနိုင်ရန်အတွက် နေပြည်တော်အသင်းသည် အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း ဦးဆောင်၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး အသင်း၏ဆောင်ပုဒ်ဖြစ်သည့် "စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား" အတိုင်း အကောင်းဆုံးယှဉ်ပြိုင်ခဲ့သောကြောင့် ရလဒ်ကောင်းတစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက "အသင်းအနေဖြင့် လက်ရှိချန်ပီယံ ရတနာပုံနှင့် တွေ့ဆုံသောပွဲတွင် ရလဒ်ကောင်းရရှိရန် သေချာပြင်ဆင်ခဲ့ကြောင်း၊ ကစားကွက်ရော နည်းဗျူဟာပါ အပြောင်းအလဲလုပ်ပြီး မြန်မာကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်း၏ နိုင်ငံခြားသားအမာခံ ကစားသမားများဖြစ်သည့် တိုက်စစ်မှူး အရူနာနှင့် ပါရော့၊ နောက်ခံလူ မာတင်တို့ကို ဒဏ်ရာနှင့် ကြံ့ခိုင်မှုအနေအထားအရ အသုံးမပြုခဲ့သလို ရန်ကုန်မှာပင်ထားခဲ့ကြောင်း၊ ပြည့်ဖြိုးဦးကို တိုက်စစ်မှူးနေရာတွင် ကစားစေခဲ့ပြီး ယခင်ပွဲများတွင် အသုံးမပြုခဲ့သည့် လူသစ် သိန်းဇော်မျိုးကို ပွဲထုတ်ခဲ့ကြောင်း၊ လက်ရှိချန်ပီယံအသင်းနှင့် ကစားရမည်ဖြစ်၍ ကစားသမားများကို စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခဲ့ကြောင်း၊ နိုင်ငံခြားသားနှစ်ဦးသာပါပြီး ပြည်တွင်းကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သည့် ယခုပွဲမှာ ကစားခဲ့သမျှ ပွဲများတွင် အကောင်းဆုံးပွဲဟု ပြောနိုင်ကြောင်း၊ တည်ငြိမ်မှုရှိရှိဖြင့် ရတနာပုံအသင်းကို အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း၊ ဂိုးသမားနေလှိုင်မှာ သေချာပေါက် ငါးလုံးလောက် ကာကွယ်နိုင်ခဲ့သလို အသင်းခေါင်းဆောင် မောင်မောင်မြင့်ကလည်း အသင်းကို ဦးဆောင်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားသား နှစ်ဦးဖြစ်သည့် ကင်ဂျင်ဂျိုးနှင့် ဂျွန်နသန်တို့မှာ ခြေစွမ်းပြကစားနိုင်ခဲ့သလို ပြည့်ဖြိုးဦး၏ စွမ်းဆောင်မှုကို ကျေနပ်ပါကြောင်း၊ တိုက်စစ်တွင် ခြေစွမ်းပြနိုင်ခဲ့ပြီး ဦးဆောင်ဂိုးလည်းသွင်းယူပေးနိုင်ခဲ့ကြောင်း၊ အသင်းကြီးတစ်သင်းဖြစ်သည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းကို သရေကစားနိုင်ခဲ့သည်မှာ အနိုင်ရသည်ဟုပင် ပြောနိုင်ကြောင်း။

လာမည့်ပွဲများတွင်လည်း ရလဒ်ကောင်းများ ရရှိရန်သေချာ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မျှော်မှန်းသလောက်ရလဒ်ကောင်းခဲ့သောကြောင့် ၂၀၁၁ ခုနှစ်တွင် အဆင့်(၁)မှ (၅)အတွင်း ဝင်နိုင်အောင် ပြင်ဆင်သွားမည် ဖြစ်ကြောင်း၊ ထင်သလောက်ရလဒ် မကောင်းသေးသော်လည်း စိတ်ဓာတ်မကျဘဲ နိုင်ပွဲများ ပြန်လည်ရရှိရန် ကြိုးစားနေကြောင်း၊ မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် နေပြည်တော်၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

"၂၀၁၁ ခုနှစ်တွင် အသင်းကောင်းတစ်သင်း ဖြစ်လာစေရန်နှင့် ပရိသတ်စိတ်ကျေနပ်အားပေးနိုင်သည့် အသင်းဖြစ်လာရန်အတွက် အုပ်ချုပ်မှုအဖွဲ့၊ နည်းပြအဖွဲ့နှင့် ကစားသမားများကို ထပ်မံအားဖြည့်ပြီး အပြောင်းအလဲ လုပ်သွားရန်ရှိကြောင်း၊ ပြည်တွင်း ထိပ်တန်းကစားသမားများကို ခေါ်ယူသွားမည်ဖြစ်သလို အာရှကစားသမားများကို စိတ်ဝင်စားကြောင်း၊ အသင်းနာယက ဦးတင့်ဆန်း၏ ပံ့ပိုးအားပေးမှုများ၊ အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း၏ အနီးကပ် လမ်းညွှန်ပံ့ပိုးမှုများနှင့်အတူ အသင်းအောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နေပြည်တော်အသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားသည်။ (ကြေးမုံ)

နေပြည်တော် အသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့် ဆန်း။

ရတနာပုံနှင့် ပွဲတွင် ခြေစွမ်းပြ ကစားခဲ့သည့် မောင်မောင်မြင့်။

ကကတစ်ငါးမျိုး စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာအုပ်စု ဥတိုကျေးရွာရှိ ဥတိုချောင်း သဘာဝရေပြင်အတွင်းသို့ ကကတစ်ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးကျော်မင်းနှင့် ခရိုင်/မြို့နယ်ဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း၊ ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ Winner Brothers International Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်အောင်နှင့် ဝန်ထမ်းများ၊လူမှုရေးအဖွဲ့အစည်းများ၊ ရွှေသောင်ယံ အထကမှကျောင်းအုပ်ဆရာမကြီး၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ စုစုပေါင်း အင်အား၄၀၀ကျော်တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးထွန်းဝင်းက ဥတိုကျေးရွာ သဘာဝရေပြင်နှင့် ဒီရေတောများ အတွင်းသို့ ကကတစ်ငါးသားပေါက်များ မျိုးစိုက်ထည့်ရခြင်း၏ရည်ရွယ်ချက်နှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ကကတစ်ငါးသားပေါက် ကောင်ရေ သိန်း၂၀ကို ဥတိုကျေးရွာ ဒီရေတောများနှင့် သဘာဝရေပြင်သို့ မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန်ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၆

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၊တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများ၊ အင်္ဂလိပ်ဘာသာစကားကို လေ့လာလိုက်စားသူများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဝေသော ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန် (Student Dictionary) ကို ယနေ့ စတင်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန် (Student Dictionary)ကိုကျောင်းသား၊ကျောင်းသူများနှင့် အင်္ဂလိပ်စာလေ့လာသူများ လွယ်ကူရှင်းလင်းစွာ လေ့လာနိုင်ရန်အတွက် ၁၉၉၄ ခုနှစ်က ပြုစုထုတ်ဝေခဲ့ပြီး ၁၉၉၉ ခုနှစ်အထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယခုအခါ အဘိဓာန်၏ သက်တမ်းမှာ ၁၆ နှစ်ကျော်ကြာပြီဖြစ်သည့်အပြင် ရှားပါးသောစာအုပ် ဖြစ်နေသည်။ ထို့အပြင် ခေတ်အလျောက် အသုံးအနှုန်း အပြောင်းအလဲများ၊ အသစ်ပေါ်ထွက်လာသော ဝေါဟာရများ ရှိလာသဖြင့် ခေတ်နှင့်အညီ ပြည့်စုံကောင်းမွန်သော၊ ကျောင်းသား၊ ကျောင်းသူများ အားကိုးအားထားပြုထိုက်သော အဘိဓာန်စာအုပ်အသစ်အဖြစ် ဖြန့်ချိထုတ်ဝေရန် လိုအပ်လာသဖြင့် Student Dictionary ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ဒုတိယအကြိမ် တည်းဖြတ် ထုတ်ဝေခြင်းဖြစ်သည်။

ကျောင်းသားသုံးအဘိဓာန်ကို ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးစံလွင်နှင့် ဦးထွန်းတင့်၊ ပြန်ကြားရေးဝန်ကြီးဌာန The New Light of Myanmar သတင်းစာမှ အငြိမ်းစား စာတည်းမှူးချုပ် ဦးမောင်မောင်အေး(အောင်ခိုင်)နှင့် အာရကန်စိန်တို့က အဘိဓာန်တည်ပုဒ်များကို ပြန်လည်စိစစ်ခြင်း၊ ဝေါဟာရအသစ်များ ထပ်မံဖြည့်စွက်ခြင်းနှင့် တည်းဖြတ်ခြင်းများ ပြုလုပ်ပေးကြသည်။

ထို့အပြင် ကျောင်းသား၊ကျောင်းသူများအတွက် ပညာသင်ကြားရေးနှင့် ဗဟုသုတပြည့်စုံစေရေးအတွက်ပါ အထောက်အကူပြုစေမည့် အကြောင်းအရာများဖြစ်သော ပထဝီဝင်ဘာသာရပ်နှင့် ဆိုင်သည့် ကမ္ဘာ့တိုက်ကြီးများ၊ သမုဒ္ဒရာများ၊ ပင်လယ်များ၊ မြစ်ချောင်းများနှင့် မှတ်သားဖွယ်ရာ အချက်အလက်များ၊ ကမ္ဘာ့နိုင်ငံများနှင့်နိုင်ငံအလံများ၊ အကျယ်အဝန်း၊ လူဦးရေ၊ သုံးစွဲသည့် ငွေကြေးများ၊ အင်္ဂလိပ်ဘာသာ သင်ကြားရေးနှင့် သက်ဆိုင်သည့် irregular verb များ၊ ကိန်းဂဏန်းအခေါ်အဝေါ် အသုံးအနှုန်းများ၊ သိပ္ပံဘာသာရပ်များဖြစ်သည့် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဆိုင်ရာ ညီမျှခြင်းများ၊ ပုံသေနည်းများ၊ ဓာတုဗေဒ ဒြပ်စင်များနှင့် တန်ဖိုးများ၊ မက်ထရစ်စနစ်နှင့် non-metric စနစ် အတိုင်းအတာယူနစ်များ၊ convertion table များကိုပါ နောက်ဆက်တွဲအဖြစ် ဖြည့်စွက်ဖော်ပြပေးထားသည်။ ကမ္ဘာ့တိုက်ကြီးများနှင့် နိုင်ငံများကို ရောင်စုံမြေပုံများနှင့်ပါ ထည့်သွင်းဖော်ပြပေးထားသည်။



ဤအဘိဓာန်တွင် တည်ပုဒ်ပေါင်း ၂၀၀၀၀ ကျော်နှင့် ဆင့်ပွားပုဒ်ပေါင်း ၃၀၀၀၀ ခန့် ပါဝင်ပြီး သာဓကပေါင်း ၇၅၀၀၀ ခန့် ပါဝင်သည်။ ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်တကွ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် နမူနာဝါကျများ ဖော်ပြပေးထားသည်။ ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ သာမက ပညာရပ်ဆိုင်ရာ ဝေါဟာရများကိုလည်း ထည့်သွင်းထားသည်။ စက္ကူဖြူချောဖြင့် ပုံနှိပ်ထားပြီး ကွန်ပျူတာသုံး အဘိဓာန်စီဒီကိုပါ တစ်ပါတည်းထည့်သွင်းပေးထားသည်။ တန်ဖိုးမှာ တစ်အုပ်ချင်း ရောင်းဈေး ငွေကျပ်၁၇၀၀၀ဖြစ်သည်။ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန် (Student Dictionary) ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကဘော်ဒါများအနေဖြင့် တိုက်ရိုက်မှာကြားလိုပါက စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Commerce ဂျာနယ်တိုက် အမှတ် (၃၈) လမ်း ၃၀ ရန်ကုန်မြို့ ဖုန်း-၂၅၂၀၁၇ နှင့် ၃၇၆၄၁၆ တို့သို့ မှာကြားဝယ်ယူနိုင်ပြီး အုပ် ၅၀ နှင့်အထက် မှာကြားသော ကျောင်းများအတွက် ၁၅ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ကျောင်းအရောက် ပို့ဆောင်ပေးမည်ဖြစ်သည်။ တစ်အုပ်ချင်း အိမ်တိုင်ရာရောက် မှာကြားလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆ နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ မှာကြားပါက စာအုပ်ဆိုင်တွင်ရောင်းသော မူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ခုနှစ် (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ယမန်နှစ်ချန်ပီယံ အသင်းများဖြစ်ကြသော သုံးယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်အသင်း၊ နှစ်ယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်အသင်း၊ သုံးယောက်တွဲအမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြကာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသားအသင်းက သရုပ်ပြ ခတ်ကစားကြပြီး ပထမနေ့ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အသင်း ၁၆ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် (၁၆) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၂ ဥရောပဖလားခြေစစ်ပွဲ အင်္ဂလန်အသင်း ရလဒ်ကောင်းရနိုင်

၂၀၁၂ ဥရောပဖလားခြေစစ်ပွဲ ဒုတိယပွဲစဉ်များကို စက်တင်ဘာ ၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှာ ကျင်းပမှာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာ အုပ်စု(ဆ)က အင်္ဂလန်ဟာ အဝေးကွင်းမှာ ရလဒ်ကောင်းနိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

ဆွစ်ဇာလန်-အင်္ဂလန်
စက်တင်ဘာ ၈ ရက်(ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ

ကာပယ်လိုကိုင်တွယ်နေတဲ့ အင်္ဂလန်ဟာ ပထမပွဲစဉ် အိမ်ကွင်းမှာ ဘူလ်ဂေးရီးယားကို လေးဂိုးပြတ်နဲ့အနိုင်ယူပြီး ၂၀၁၀ ကမ္ဘာ့ဖလားက ကြုံတွေ့ခဲ့ရတဲ့ ဖိအားတွေ အတော်အသင့် ပြေလျော့ခဲ့ရပါတယ်။ ယခုဒုတိယပွဲစဉ်က အင်္ဂလန်အသင်း အဝေးကွင်းသွားရောက်ယှဉ်ပြိုင်ရမှာဖြစ်သလို အားထားရတဲ့ တိုက်စစ်မှူး ဒီဖိုး ပါဝင်ဖို့မသေချာတာကြောင့် ဆွစ်ဇာလန်ကို အလွယ်တကူ အသာရဖို့ဆိုတာမလွယ်ပါဘူး။

ဆန်းဒရိုစ့် ဦးဆောင်တဲ့ ဆွစ်ဇာလန်နောက်တန်းဟာ အိမ်ကွင်းခံစစ်ကစားပုံကောင်းမွန်လှပါတယ်။ ကွင်းလယ်ပိုင်းမှာ ဂျရတ်၊ ဝေါလ်ကော့၊ ဘယ်ရီ၊ မေလ်နာတို့ အင်္ဂလန်ကွင်းလယ်က အသာရမှာမုန်ပေမယ့် သရေကျဖို့ ရာနှုန်းများနေပြီး အင်္ဂလန်နိုင်မယ်ဆိုရင်လည်း ဂိုးပြတ်ဖို့ ခက်ခဲနေဦးမှာပါ။

ဂျာမနီ-အဇာဘိုင်ဂျန်
စက်တင်ဘာ ၈ ရက်(ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ

ပထမပွဲစဉ်မှာ ဂျာမနီဟာ အဝေးကွင်းမှာ ဘယ်လ်ဂျီယံကို တစ်ဂိုးတည်းနဲ့ကပ်နိုင်ခဲ့ပါတယ်။ ဂျာမနီဟာ အဇာဘိုင်ဂျန်နဲ့ နှစ်ကြိမ်တွေ့ဆုံခဲ့ရာ အိမ်ကွင်းမှာ လေးဂိုးပြတ်နဲ့ အဝေးကွင်းမှာ နှစ်ဂိုးပြတ်တို့နဲ့နိုင်ထားပါတယ်။ အဆင့်အတန်းမီကစားသမားတွေမရှိတဲ့ အဇာဘိုင်ဂျန်ဟာ ဂျာမနီကို ဂိုးပြတ်မရှုံးရေးဘဲ ဦးတည်ပြီး ကစားရမှာပါ။

နယ်သာလန်-ဖင်လန်
စက်တင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၁ နာရီ

နယ်သာလန်ဟာ ပထမပွဲစဉ် အဝေးကွင်းမှာ ဆမ်မာရီနိုကို ငါးဂိုးပြတ်နဲ့နိုင်ထားပါတယ်။ ဖင်လန်ကတော့ ရလဒ်မကောင်းခဲ့ဘဲ မော်ဒိုဗာကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှု(၁၁)ကြိမ်မှာ နယ်သာလန်က ရှစ်ကြိမ် အနိုင်ရပြီး နှစ်ကြိမ်သရေကျကာ ဖင်လန်ကတစ်ကြိမ်သာ အနိုင်ရဖူးပါတယ်။ နယ်သာလန်မှာ တောင်ပံကစားသမား ရော်ဘင်နဲ့ တိုက်စစ်မှူး ဗန်ပါစီတို့ မပါပေမယ့် ဖင်လန်ကို အနိုင်ရယူဖို့တော့ စွမ်းဆောင်နိုင်ဦးမှာပါ။

ဝင်းတင် (ကြေးမုံ)

အင်္ဂလန်အသင်းကို ဦးဆောင်လာမည့် ဂျဲရတ်။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘားအံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၃ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ရန်ကုန် (ကမ္ဘာအေး)တွင် ၂ ဒသမ ၂၅ လက်မနှင့် ကျောက်ဖြူမြို့တွင် ၂ ဒသမ ၁၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာ ၇ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၅ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၅ဒီဂရီဖာရင်ဟိုက်		၅-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၆ဒသမသုညဒီဂရီစင်တီဂရိတ်)၇၉ ဒီဂရီဖာရင်ဟိုက်		၆-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၆-၉-၂၀၁၀
မိုးရေချိန်	မရှိပါ	၆-၉-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမ၅ဒီဂရီစင်တီဂရိတ်)၉၀ ဒီဂရီဖာရင်ဟိုက်		၅-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ ၅ဒီဂရီစင်တီဂရိတ်)၇၆ဒီဂရီဖာရင်ဟိုက်		၆-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၆-၉-၂၀၁၀
နေပူသည့်နာရီပေါင်း	၄ ဒသမ ၂ နာရီခန့်	၅-၉-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၆-၉-၂၀၁၀	၃၉ မမ (၁ ဒသမ ၅၃ လက်မ)	၅၇ မမ (၂ ဒသမ ၂၅ လက်မ)	၂၉ မမ (၁ ဒသမ ၁၅ လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၅၈၆ မမ (၆၂ ဒသမ ၄၄ လက်မ)	၁၇၈၅ မမ (၇၀ ဒသမ၂၈ လက်မ)	၂၀၂၁ မမ (၇၉ ဒသမ၅၇ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၉-၂၀၁၀ ရက် ၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်းတိုက်ခတ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ဝါဏိဇ္ဇတွဲ့ရမျှားအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ Professor ဦးမော်သန်းက Small and Medium Sized Entities များမှ လိုက်နာကျင့်သုံးရမည့် "Financial Statements Presentation" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ် (၃၇/၄၁) လမ်း (၅၀) ဗိုလ်တထောင်မြို့နယ် Workshop ၌ စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များ CPE အတွက် အကျုံးဝင်မည်ဖြစ်၍ သိရှိလိုပါက ဖုန်း-၂၉၁၆၆၇နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မောင်တောမြို့၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၃ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ဌေးကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၇-၉-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
- ၇း၃၀ ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (မေတ္တာတရား)
- ၈း၄၀ တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးထမင်းချဉ်)
- ၁၀း၅၅ တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ Talk on line (ယုဇန)
- ၁၁း၅၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် Current Song တေးပဒေသာ
- ၁၂း၄၀ ပြုံးပဒေသာ (ဒီအပူ+၂)
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ ပညာရေးအစီအစဉ် (ပဥ္စမတန်း-ဘဝတွက်တာ ကျွမ်းကျင်စရာ) တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ မေတို့တွက်တာ အလှကမ္ဘာ (သွေးအမျိုးအစားအလိုက် Diet လုပ်နည်း)
- ၅း၁၀ တေးပဒေသာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ညနေခင်းတေးပဒေသာ
- ၅း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၆)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ ညနေခင်းတေးပဒေသာ
- ၆း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - ၁။ သုံးပုံစကားသိမှတ်ဖွယ်ရာ ပဒေသာများ-၁ (ဆရာတော်အရှင်ဝါယမ)
  - ၂။ သိရန်မှတ်ရန်လေ့လာရန် နဝမတွဲ (ဆရာဦးသိန်းလွင်)
- ၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ဝေဒနာသံစဉ်ရိုင်းများ)
- ၇း၃၀ တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ တေးစီးရီး (သူနဲ့သာဆိုရင်-စိုးစန္ဒာထွန်း) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၉း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
- ၉း၅၉ အဖိတ်နေ့နှိုးဆော်ချက်
- ၁၀း၀၀ အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား -

နားမယောင်လေနဲ့ သတိထား။

ရတနာပုံအသင်းဘက်ကို ဦးဆောင်ဂိုးသွင်းခဲ့သည့် နေပြည်တော် F.C တိုက်စစ်မှူး ပြည့်ဖြိုးဦး။ (ကြေးမုံ)

လက်ရှိချန်ပီယံကို သရေကစားခဲ့ခြင်းနှင့် အတူ ရလဒ်ကောင်းများထပ်မံရရှိရန် ကြိုးပမ်းမည့် နေပြည်တော် F.C

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၅)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့များက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် တောင်ကြီးမြို့ရှိ KBZ ကွင်းတို့၌ ကျင်းပခဲ့သည်။ ယခုတစ်ပတ်ကျင်းပခဲ့သော ပွဲစဉ်များမှာ အကြိတ်အနယ်ရှိသော ပွဲကောင်းများဖြစ်ခဲ့သလို မထင်မှတ်သည့်ရလဒ်များလည်း ထွက်ပေါ်ခဲ့ရာ ပရိသတ်များ အကြိုက်တွေ့ခဲ့ကြသည်။

ယခုတစ်ပတ်ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များတွင် ထိပ်ဆုံးငါးသင်း စလုံး နိုင်ပွဲပျောက်ဆုံးခဲ့ကြသည်။ အဆင့်(၂) ကမ္ဘောဇနှင့် အဆင့်(၄) ရန်ကုန်ယူနိုက်တက်တို့၏ ပွဲစဉ်၊ အဆင့်(၃)ဇေယျာရွှေမြေနှင့် အဆင့်(၅) Southern တို့ တွေ့ဆုံသော ပွဲစဉ်များမှာ အရှုံးအနိုင်ပေါ်ခဲ့ခြင်းမရှိသလို ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရတနာပုံအသင်းကိုလည်း MNL အသင်းသစ် နေပြည်တော်အသင်းက မန္တလေးမြို့ ဗထူးကွင်းတွင် သရေကစားသွားခဲ့သည်။ နေပြည်တော်အသင်းမှာ အသင်းသစ်တစ်သင်းဖြစ်သည့်အားလျော်စွာ MNL အတွေ့အကြုံနည်းသေးခြင်း၊ ခေါ်ယူထားသော နိုင်ငံခြားသားကစားသမားများ ခြေစွမ်းမပြနိုင်သေးခြင်းတို့ကြောင့် မျှော်မှန်းသလောက် ရလဒ်မကောင်းသေးသော်လည်း အဆိုပါပွဲကို နည်းစနစ်ပိုင်း၊ နည်းဗျူဟာပိုင်း ပြောင်းလဲခဲ့သလို အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကို တင့်ဆန်း၏ လမ်းညွှန်ချက်အတိုင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် F.C ဂိုးသမား နေလှိုင် လေ့ကျင့်စဉ်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၆-၉-၂၀၁၀)

ဘားအံ	၃ ဒသမ ၅၀ လက်မ
ဘီးလင်း	၃ ဒသမ ၂၃ လက်မ
ဝ	၂ ဒသမ ၆၄ လက်မ
ကျိုက်မရော	၂ ဒသမ ၄၃ လက်မ